# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ–၄၇)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

## နှစ်နိုင်ငံအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Ms. Ma Jia သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ရှည်လျားသည့် သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅) ရပ်နှင့်အညီ အေးအတူပူအမျှ


*စာမျက်နှာ ၃ ကော်လံ ၁* ✻




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Ms. Ma Jia က ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။


**ယနေ့ ဖတ် စ ရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး** — ပြည်တွင်းသတင်း | စာ ၄

**အာဆီယံဆေးလိပ်ငွေ့ကင်းစင် ဒေသဆုရရှိသော မြန်မာ၏ပုဂံအား ဂုဏ်ပြုအပ်ပါသည်** — ဆောင်းပါး | စာ ၁၀

**အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အမြန်ဆုံး လက်ခံရန် ဘလင်ကန်က ဟားမားစ်အဖွဲ့ကို တိုက်တွန်း** — နိုင်ငံတကာသတင်း | စာ ၁၃



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

** ရှေ့ဖုံးမှ*

အသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ကာကွယ်ရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးကိစ္စရပ်များ၊ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များ၊နှစ်နိုင်ငံအကြား နယ်ပယ်စုံ၌ ပူးပေါင်းဆောင်ရွက်မှုများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် ရပ်တည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်အပေါ် တရုတ်နိုင်ငံ အနေဖြင့် ဆက်လက်ထောက်ခံရပ်တည်ပေးသွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**“မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးအနေဖြင့် ရှည်လျားသည့် သမိုင်းကြောင်းများရှိမှုနှင့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေဟောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့်အညီ အေးအတူပူအမျှ အသိုက်အဝန်းကို အတူတကွ တည်ဆောက်ထားသည့် နိုင်ငံများဖြစ်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်စေရေး နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်း ဖလှယ်ဆွေးနွေး”**

### တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြသည်။

### စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ယနေ့ နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၤ၌ တွေ့ဆုံဆွေးနွေးသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရခိုင့်ဦးဆောင်ပါတီ ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နှင့် အလုပ်အဖွဲ့ ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားများ ပြောကြား**

တွေ့ဆုံ ဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေး နှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင့် ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်တို့က နှုတ်ခွန်းဆက် စကားများ ပြောကြားကြ သည်။

**အပြန်အလှန်ဆွေးနွေးညှိနှိုင်း**

ထို့နောက် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော် ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ် ကြီး မင်းနိုင်က တွေ့ဆုံဆွေးနွေးပွဲ ဆိုင်ရာ အကြောင်းအရာများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့က ဆွေးနွေးလိုသည့် အချက်များကို အဆိုပြုတင်ပြ ကြပြီး အမျိုးသားစည်းလုံးညီညွတ်



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။

ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်က ညှိနှိုင်းရေးကော်မတီဘက်မှ ဆွေးနွေးလိုသည့် အချက်များအား အဆိုပြုဆွေးနွေးသည်။ ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဖြည့်စွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ ပထမအကြိမ် တွေ့ဆုံခဲ့စဉ်က ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် အချက်များနှင့် နှစ်ဖက် အဆိုပြုချက်များကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

**ဆက်လက်ကျင်းပသွားမည်**

ဆွေးနွေးပွဲ ဒုတိယနေ့ကို ဩဂုတ် ၂၂ ရက်တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီး ဦးလွင်ဦး ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး သည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (United Nations Population Fund-UNFPA) ၏ မြန်မာနိုင်ငံ ဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့တို့အကြား လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များနှင့် ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြ သည်။

**သတင်းစဉ်**

## ပွင့်ဖြူမြို့နယ်၌ ပဲမျိုးစုံဧက ၈၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၇၃၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး မေလမှ စတင်စိုက်ပျိုးခဲ့ ခြင်းဖြစ်ကြောင်း သိရသည်။

"ပဲသီးနှံအမျိုးအစားတွေကတော့ ပဲတီစိမ်း၊ ပဲစင်းငုံနဲ့ အခြားပဲသီးနှံတို့ ဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်လျာထားဧကတွေ ပြည့်မီဖို့ အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလည်း ပဲမျိုးစုံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတွေ တိုးတက်အောင် ဆောင်ရွက်ကြဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်း မျိုးသန့်တွေ သုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေ ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၅၆၃ ဧက၊ ပဲစင်းငုံ ၅၉၁၄ ဧက၊ အခြားပဲ ၂၄ ဧကဖြစ်ကြောင်း သိရသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

## မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး တွေ့ဆုံဆွေးနွေး

**တာချီလိတ် ဩဂုတ် ၂၁**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေး တွေ့ဆုံ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက တာချီလိတ်မြို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီး ဌာန စုပေါင်းရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E Mr Mongkol Visitstump ဦးဆောင်သောအဖွဲ့နှင့် မြန်မာ နိုင်ငံမှ တာချီလိတ်ခရိုင် စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို ဦးဆောင်သော ဌာနဆိုင်ရာအဖွဲ့ တို့က နှစ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု ပူးပေါင်း ဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်နိုင်ရေး၊ နယ်စပ် ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဖြတ်ကျော် မှုခင်းများနှင့် တရားမဝင် မူးယစ်ဆေးဝါး၊ online လောင်းကစားများ တားဆီးနှိမ်နင်းရေး၊ မီးခိုးမြူငွေ့နှင့် ရေကြီးရေလျှံမှုအန္တရာယ် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို အပြန်အလှန် ဆွေးနွေးခဲ့ကြ သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr Mongkol Visitstump၊ ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကို နှင့် ရဲမှူးကြီး အောင်ဇော်မိုးတို့က အမှတ်တရ လက်ဆောင်ပစ္စည်း များ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအား ပြင်ဆင်ရန်နှင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေအား အသစ်ပြဋ္ဌာန်းရမည်

**နေပြည်တော် ဩဂုတ် ၂၁**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) ကို ယနေ့မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့်မဟာဗျူဟာနယ်ပယ်(၅)ရပ်မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး ငါးဦး၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ နှင့် အဖွဲ့ဝင် ကိုးဦး၊ အထူးဖိတ်ကြားထားသူ နှစ်ဦး စုစုပေါင်း ၃၂ ဦး တက်ရောက်ခဲ့ကြသည်။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။**

### ညှိနှိုင်းပူးပေါင်းဆောင်ရွက်

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၉-၂၀၂၃) သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် မဟာဗျူဟာ အကောင်အထည်ဖော်မှုကာလ ပြီးမြောက်ခဲ့ပြီးဖြစ်၍ ဒုတိယဝန်ကြီး ဦးဆောင်သည့် အမျိုးသားအဆင့်မဟာဗျူဟာ ပြန်လည်သုံးသပ်ရေး ကော်မတီအား ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မဟာဗျူဟာအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) မူကြမ်းရေးဆွဲခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ မူကြမ်းအား ယခုအစည်းအဝေးတွင် အတည်ပြုသွားမည်ဖြစ်ကြောင်း၊ မူကြမ်း အတည်ပြုပြီးပါက မဟာဗျူဟာပါ ရည်မှန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အားကောင်းကောင်းဖြင့် ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

### တစိုက်မတ်မတ် အားစိုက်ဆောင်ရွက်

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် FATF က မြန်မာနိုင်ငံကို ဆုံးရှုံးနိုင်ခြေမြင့်မားပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်းသို့ ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း၊ FATF ၏ မြန်မာနိုင်ငံအပေါ် လိုက်နာမှုအားနည်းချက် ရှစ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း၊ လုပ်ငန်းအဖွဲ့အနေဖြင့်လည်း တစိုက်မတ်မတ် အားစိုက်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ဇွန် ၂၈ ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေး၏ ထုတ်ပြန်ချက်အရ အလေးထားစိစစ်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့်ဒေသများ စာရင်းမှ ပြောင်းလဲပေးခြင်းမရှိကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်း တိုးတက်ဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခြင်းမရှိပါက FATF မှ တိုးမြှင့်အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်ရန် စဉ်းစားသွားမည်ဟု ဖော်ပြခဲ့ကြောင်း။

ထို့ကြောင့် တိုးတက်ဆောင်ရွက်မှုများ ပြသနိုင်ရန် FATF ၏ Action Plan တွင် ပါရှိသည့် အချက်များဖြစ်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေအား ပြင်ဆင်ရန်နှင့် သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ဥပဒေအား အသစ်ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလ မတိုင်ခင် တိုးတက်မှုပြသနိုင်ရန် Action Plan တွင် ပါရှိသည့်အချက်များကို သက်ဆိုင်ရာဌာနများအလိုက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် မဟာဗျူဟာနယ်ပယ် (၅)ရပ်နှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) (မူကြမ်း)အား အတည်ပြုခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာကြံ့ခိုင်သည့် အနာဂတ်လူချွန်လူကောင်းများပေါ်ထွက်လာစေရန် အခြေခံကျသည့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုခိုင်မာလာအောင် အားလုံးက ပူးပေါင်းဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၁**

“မိခင်နို့ချို တိုက်ကျွေးဖို့ အားလုံးကူညီပံ့ပိုးစို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၂၄ ခုနှစ် ကမ္ဘာ့ မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ မန္တလေးတိုင်းဒေသကြီးအဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အာဟာရပြည့်ဝခြင်းသည် လူတစ်ဦး တစ်ယောက်၊ မိသားစုတစ်စုကစ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် ကဏ္ဍတွင် ပါဝင်ကြောင်း၊ နေ့စဉ်စားသုံးနေသော အစားအစာများ သန့်ရှင်းပြီး လိုအပ်သောအာဟာရဓာတ်များ ပြည့်ဝရန် လိုအပ်ကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ မွေးစကလေးများနှင့် အသက်ငါးနှစ်အောက် ကလေးများသည် အာဟာရချို့တဲ့မှုကို ထိခိုက်ခံစားလွယ်သော အုပ်စုဖြစ်ကြောင်း၊ ပြည်သူလူထုအတွင်း အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာများ တိုးတက်စေရန်၊ ပိုမိုစိတ်ဝင်စားပြီး ပူးပေါင်းပါဝင် ဆောင်ရွက်ရန် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပခြင်းဖြစ်ကြောင်း၊ ကျန်းမာကြံ့ခိုင်သည့် အနာဂတ်လူချွန် လူကောင်းများ ပေါ်ထွက်လာစေရန် အခြေခံကျပြီး အရေးပါသည့် အာဟာရဖွံ့ဖြိုးရေး လုပ်ငန်းများကို အခြေခံကျန်းမာရေး စောင့်ရှောက်မှုများနှင့်အတူ ပိုမိုခိုင်မာလာအောင် အားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု ဗီဒီယိုပြသခြင်းကို ကြည့်ရှု၍ အခြေခံပညာ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အသက် ငါးနှစ်အောက် ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေးများ တိုက်ကျွေးကာ ကိုယ်ဝန်ဆောင် မိခင်များအား အဏုအာဟာရဆေးများ၊ အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး (ဝဲပုံ) အထိမ်းအမှတ် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**





# လှည်းကူးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကြို့ကုန်းမြောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၈၀ တို့ကို နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ် ဆောင်ရွက်သည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါ ရုပ်မြင်သံကြား ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ MRTV အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ပြည်သူအားလုံးပါဝင်လို့သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်းပါးပြိုင်ပွဲမှ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာနမှ ဝန်ထမ်းများက **"နိုင်ငံ့အကျိုး မျှော်ကိုးရည် သန်းခေါင်စာရင်း ကောက်ကြမည်"** တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ **"ရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ"** ယှဉ်ပြိုင်မှု ပုံရိပ်များ Video Clip ကို ပြသပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က တစ်ဦးချင်း မိတ်ဆက်ကြသည်။

### ပါဝင်ယှဉ်ပြိုင်ဖြေဆို

ဆက်လက်၍ "ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ" အစီအစဉ်ကို Round လေးခုဖြင့် ကျင်းပရာ Round (1) တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း(၁၀) ခုကို အဖြေမှန်ရွေးချယ်ခြင်းဖြင့်လည်းကောင်း၊ Round(2)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း (၁၀) ခု ကို အမှား/အမှန် ရွေးချယ်ခြင်းဖြင့်လည်းကောင်း၊ Round(3)တွင် ဘာသာရပ်ဆိုင်ရာ မေးခွန်း (၁၀) ခုကို ကွက်လပ်ဖြည့်နည်းဖြင့်လည်းကောင်း၊ Round(4)တွင် ရုပ်မြင်သံကြားဆိုင်ရာ မေးခွန်း (၁၀) ခုကို TV Spot နှင့် တေးသီချင်းများ ဖွင့်လှစ်ပြသမှုဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ပါဝင်ယှဉ်ပြိုင်ဖြေဆိုကြသည်။

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမှာစကားပြောကြားရာတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် ယခုအခါ ပြည်သူလူထု အသိပညာပေး လုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုလည်း မိမိတို့ဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပခြင်းဖြစ်ရာ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

သန်းခေါင်စာရင်းကို မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်၌ ရှိသည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စု ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ကောက်ယူမည်ဖြစ်ပြီး သန်းခေါင်စာရင်းကောက်ယူရန် သန်းခေါင်စာရင်း ရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ည သန်းခေါင်ယံအချိန်ကို သတ်မှတ်ထားပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာရင်းကောက်ကွက်ပေါင်း ၁ သိန်း ၁ သောင်းခန့် ရှိမည်ဖြစ်ရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက် ၄ သောင်း ၂ ထောင်ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားပါကြောင်း၊ သန်းခေါင်စာရင်းကို အိမ်ထောင်စု မေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်း မေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်ရာ ပြည်သူများအနေဖြင့် စာရင်းစစ်၊ စာရင်းကောက်များ၏ မေးမြန်းသည့် မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်နိုင်ရေးအတွက် ပြည်သူလူထု အသိပညာပေး လုပ်ငန်းကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ဆွေးနွေးပြောကြား

ယခု သန်းခေါင်စာရင်းကို နည်းပညာအသုံးပြု၍ Mobile Tablet များဖြင့် ကောက်ယူပြီး ရုံးချုပ်သို့ Online စနစ်ဖြင့် ပေးပို့ ဆောင်ရွက်မည်ဖြစ်သည့်အတွက် အချက်အလက်များကို မှန်မှန်နှင့်မြန်မြန် သိရှိနိုင်မည်ဖြစ်ပြီး ရွှေ့ပြောင်းလူဦးရေစာရင်းကိုလည်း အချိန်တိုတိုအတွင်း သိရှိထုတ်ပြန်နိုင်မည် ဖြစ်ပါကြောင်း၊ ယင်း အချက်အလက်များကို မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲတွင် အဓိကကျသည့် မှန်ကန်သော မဲစာရင်းပြုစုနိုင်ရေးအတွက် အထောက်အကူပြု အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်အောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ရာ လုပ်ငန်းစဉ် ဆောင်ရွက်မှုကို ပြည်သူများ သိရှိနားလည်လိုက်ပါဆောင်ရွက်နိုင်ရေးအတွက် ယခုကဲ့သို့ပြည်သူလူထုအသိပညာပေး လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းဆိုင်ရာ လှုံ့ဆော်တေးများ ဖြစ်သည့် **"သမိုင်းမှတ်တိုင် စိုက်ထူနိုင်ပြီ"** တေးသီချင်းနှင့် "ကျေးဇူးပြု၍ ဖြေပေးပါ" တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင်က "ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ"ပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိကြသည့် မကဗျာထက်နိုင်နှင့် မခင်နေခြည်ထွန်းတို့အားလည်းကောင်း၊ ပူးတွဲ ဒုတိယဆု ရရှိကြသည့် မောင်အောင်လင်းခန့်၊ မကေသရီစိုးစံနှင့် မနှင်းဧပရယ်မိုးတို့အား လည်းကောင်း၊ အထူးဆုရရှိသူ ငါးဦးတို့အားလည်းကောင်း ဆုတံဆိပ်၊ ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းဆိုင်ရာ လှုံ့ဆော်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြသော ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေး ဝန်ကြီးဌာန၊ အခြေခံပညာဦးစီး ဌာနတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းတို့က လက်ခံရယူကြသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် "နိုင်ငံ့အကျိုး မျှော်ကိုးရည် သန်းခေါင်စာရင်း ကောက်ကြမည်" တေးသီချင်း အသစ်တစ်ပုဒ်အား မေတ္တာဖြင့် တီးခတ်ပေးသော မြဝတီရုပ်မြင်သံကြားတေးဂီတအဖွဲ့နှင့် ၎င်းတေးသီချင်းအား မေတ္တာဖြင့် ရေးစပ်သီကုံးပေးသော ဦးသိန်းရွှေဝင်းတို့အား ဂုဏ်ပြုလက်မှတ်များ အသီးသီးပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းက "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်း အဆင့်)တွင် ဆုရရှိသူ ငါးဦးတို့အားလည်းကောင်း၊ ပညာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်က ဆောင်းပါးပြိုင်ပွဲ (ဝါသနာရှင်အဆင့်)တွင် ဆုရရှိသူ ငါးဦးတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးများနှင့် အဖွဲ့ဝင်များက ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်) အဆင့် ဆုရရှိသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စားရိပ်သာ၌ ဆုရရှိကြသူများ၊ ပြိုင်ပွဲဝင်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အတူ နေ့လယ်စာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ဆောင်းပါးပြိုင်ပွဲ (အလွတ်တန်းနှင့် ဝါသနာရှင်)အဆင့် ဆုရရှိသူများ၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများသည် နေပြည်တော်၊ တပ်ကုန်းမြို့ရှိ မြန်မာအသံနှင့် ရုပ်မြင်သံကြားမှ News Channel Studio နှင့် Farmer's Channel Studio တို့တွင် သတင်းရိုက်ကူးထုတ်လွှင့်မှုများအားလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများအား လည်းကောင်း စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ

*စာမျက်နှာ ၇ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" ဆောင်းပါးပြိုင်ပွဲ(အလွတ်တန်းအဆင့်)တွင် ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဝန်ကြီးဌာန(၁၂)ခုဖြင့် ဖွဲ့စည်းထားသည့် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ တည်ဆောက်ရေးလုပ်ငန်းစိစစ်ဆောင်ရွက်မှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲတက်ရောက်





**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဖြစ်စေရန်နှင့် ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာ အသုံးပြုနိုင်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ တည်ဆောက်ရေးလုပ်ငန်း စိစစ်ဆောင်ရွက်မှု သင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ကျင်းပရာ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပို့ချပေးနိုင်ခဲ့**

ဦးစွာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးဆပ်ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာန (၁၂) ခုမှ သင်တန်းသားသင်တန်းသူ ၃၆ ဦးကို ရက်သတ္တလေးပတ်ကြာ သင်တန်းပို့ချခဲ့ရာ ယနေ့တွင် အောင်မြင်စွာပြီးစီးခဲ့ပြီဖြစ်ပါကြောင်း၊ သင်တန်းကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ၊ မူဝါဒများ၊ ကော်မတီသို့တင်ပြရာတွင် ပါဝင်ရမည့် အချက်အလက်များနှင့် လုပ်ငန်းစဉ်များ၊ ရန်ပုံငွေခွဲဝေခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် လွှဲပြောင်းသုံးစွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ မြို့ပြလုပ်ငန်းများအတွက် ခန့်မှန်းခြေစာရင်းရေးဆွဲခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မုန်တိုင်းနှင့်ငလျင်ဒဏ်ခံ အဆောက်အဦများအတွက် နည်းပညာဆိုင်ရာ အကြံပြုချက်များ၊ လျှပ်စစ်/ရေသန့်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်များ၊ ဗိသုကာပိုင်းဆိုင်ရာဒီဇိုင်းပုံစံထုတ်ခြင်း အခြေခံအချက်များ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စံချိန်စံညွှန်းများ၊ ရုံးတိုးချဲ့ခြင်းများအတွက် Master Plan နှင့် ရုံးအဆောက်အဦပုံစံများ တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် မူဝါဒအကြောင်းအရာများကို ဆွေးနွေးပို့ချပေးနိုင်ခဲ့ပါကြောင်း။

**စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေမည်**

ယခုသင်တန်းကို အောင်မြင်စွာတက်ရောက်ပြီးဖြစ်သည့်အတွက် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ဌာနများတွင် လက်တွေ့အသုံးချခြင်း၊ ပြန်လည်ဖြန့်ဝေခြင်းနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများရှိ ကော်မတီဝင်များဖြစ်သော အမြဲတမ်းအတွင်းဝန်များသို့ အကြံပြုတင်ပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တည်ဆောက်ရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်လာပြီး နိုင်ငံတော်၏ ဘဏ္ဍာငွေများ အလေအလွင့်မရှိစေဘဲ ဆောက်လုပ်မှုကဏ္ဍ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ကြမည်ဖြစ်ရာ အဆိုပါလုပ်ငန်းစဉ်အပေါ် ပြည်သူများ စိတ်ဝင်စားမှုပိုမိုရရှိပြီး ပါဝင်ဆောင်ရွက်လာနိုင်ရေးနှင့် အသိပညာမျှဝေရန်အတွက် လူထုလှုပ်ရှားမှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အခြေခံပညာအဆင့် အသက် ၁၄ နှစ်မှ ၁၇ နှစ် အထိ ကျောင်းသားကျောင်းသူ ငါးဦးစီ ပါဝင်ယှဉ်ပြိုင်သည့် ရေဒီယိုဉာဏ်စမ်းပဟေဠိ ပွဲစဉ် ၅ ပွဲကို ၂၀၂၄ ခုနှစ် မတ်လမှစတင်၍ ဇူလိုင်လအထိ နေပြည်တော်နှင့် ရန်ကုန်တွင် လစဉ်ကျင်းပခဲ့ပြီး အဆိုပါ ပြိုင်ပွဲများမှ ပထမနှင့် ဒုတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့က ယနေ့ကျင်းပသည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းဆိုင်ရာ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြခြင်းဖြစ်သည်။

**ထုတ်လွှင့်ပြသမည်**

အဆိုပါ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပုံများကို ယနေ့ ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား MRTV HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးနေမှုကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုအားပေး





**ရွှေတောင် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရွှေတောင်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ ပြန်လည်စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် မင်းကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၁၉-B)အတွင်းရှိ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးများ ပြန်လည်အစားထိုး စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တစ်နှစ်သုံးသီးစိုက် လယ်မြေများတွင် သတ်မှတ်ထားသည့် သီးနှံပုံစံအတိုင်း အချိန်မီစိုက်ပျိုးထွက်ရှိနိုင်ရေး အထွက်နှုန်းကောင်းပြီး သက်လျင်စပါးမျိုးများ စိုက်ပျိုးသွားနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေတောင်မြို့နယ် ကြို့ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၂၁) မင်းရွာကွင်းအတွင်းရှိ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးများ ကောက်စိုက်လုံမများဖြင့် ပြန်လည် အစားထိုး စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှု အားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် ဘေးကင်းလုံခြုံစေရေး သဘာဝမြေသြဇာ သုံးစွဲနိုင်ရန် နွားမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်၊ မျိုးချောင်းဖြင့် သားစပ်ခြင်း လုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးများ ပြောင်းလဲစိုက်ပျိုးရန်၊ ဒေသနွားများအား မေထုန်မဲ့ သားစပ်ခြင်း နည်းပညာပေးရန်၊ မိုးစပါးနှင့် နွေစပါး နှစ်သီးသာ စိုက်ပျိုးသည့် လယ်မြေများတွင် ကြားသီးနှံအဖြစ် ပဲစိုက်ပျိုးခြင်းကို လက်တွေ့သရုပ်ပြစိုက်ပျိုးပြသနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ရွှေတောင်မြို့နယ် အတွင်း ရေဝတီမြစ်ရေ မြင့်တက်မှုနှင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုတို့ကြောင့် မိုးစပါးအပါအဝင် မိုးသီးနှံ စုစုပေါင်းစိုက်ဧက ၁၂၃၄ ဧက ရေကြီးနစ်မြုပ်ခဲ့ပြီး မိုးစပါးအပါအဝင် မိုးသီးနှံ ၁၀၀၁၈ ဧက ထိခိုက်ပျက်စီးခဲ့ရာ မျိုးစေ့၊ ပျိုးပင်၊ စိုက်ပျိုးရေးကိရိယာများ အချိန်နှင့်တစ်ပြေးညီ ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် နတ်မှော်လျှပ်စစ် မြစ်ရေတင်စက်ရုံသို့ ရောက်ရှိခဲ့ရာ စက်ရုံတာဝန်ခံက နှစ်စဉ်နွေစပါး ဧက ၁၅၀၀ စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေပေးမြောင်း ပြန်လည်အဆင့်မြှင့်တင်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

## ပေါင်းတည်၌ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ပေါင်းတည် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ယနေ့ နံနက်ပိုင်းက သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းများအား မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။ **(ယာပုံ)**

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ၌ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်နှင့် ဝန်ထမ်းများ၊ သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ညောင်ဖြူကျေးရွာအုပ်စု ရွှေညောင်ဖြူ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမမှ အသင်းသား တောင်သူ ဦးမောင်စန်း၏ စိုက်ခင်းများမှ ရက် ၇၀ သက်တမ်းရှိ ရတနာတိုးမိုးစပါးများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပေါင်းတည်မြို့နယ် သမဝါယမဦးစီးဌာနသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်ရန်တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများကို အခြေခံသမဝါယမအသင်း၁၆ သင်း၊ အသင်းသားတောင်သူ ၅၀ စိုက်ပျိုးထားသော ဧက ၁၀၀၀ အတွက် ငွေကျပ်သိန်းနှစ်ထောင်ကို ပံ့ပိုးကူညီကာ မိုးစပါးပန်းတိုင် အထွက်နှုန်း ပြည့်မီကျော်လွန်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# နေကြာသီးနှံ ကေသုံးသန်း တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် ဝါသီးနှံ ကေခုနစ်သိန်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးကြိုးပမ်း
# စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံး ကွက်ပြည့်စိုက်ပျိုးလုပ်ကိုင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်



**နေပြည်တော် ဩဂုတ် ၂၁**
ဆီထွက်သီးနှံနေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေးဦးစီးဌာန ဌာနခွဲ ညွှန်ကြားရေးမှူးများနှင့် တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံ အထူးဇုန်တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး ပြည်နယ်များအနေဖြင့် ဧရိယာအလိုက် စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးနှံအမျိုးအစား ခွဲခြားစိစစ်ပြီး စိုက်ပျိုးမြေဧရိယာ စာရင်းဇယားအမှန်ကို ပြန်လည်စိစစ်ရန်လိုကြောင်း၊ စိုက်ပျိုးနိုင်သည့် မြေဧရိယာအားလုံး ကွက်ပြည့်စိုက်ပျိုးလုပ်ကိုင်နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ဧကတိုးချဲ့ခြင်းထက် လက်ရှိစိုက်ပျိုးမြေတစ်ဧကချင်းကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ပြီး အဓိကသီးနှံ ၁၀ မျိုး၏ ပန်းတိုင်အထွက်ရရှိရေး အလေးထားဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်ခြင်းကြောင့် အချို့ဒေသတွင် ထုတ်လုပ်မှုကျဆင်းနိုင်သော်လည်း အခြားဒေသများ၏ ထုတ်လုပ်မှုမြင့်တင်နိုင်ခြင်းဖြင့် တစ်နိုင်ငံလုံး၏ စုစုပေါင်းစိုက်ပျိုးထုတ်လုပ်မှုကို နှစ်အလိုက်တိုးတက်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံအထူးဇုန်များ လျာထားကြေပြည့် စိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းအတိုင်း ထွက်ရှိရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ ဆီထွက်သီးနှံအထူးဇုန်ပြင်ပ ပုံမှန်စိုက်ပျိုးလျက်ရှိသည့် ဧရိယာအားလုံး ပုံမှန်အထွက်နှုန်းအောက် ကျဆင်းမှုမရှိစေရန်ကိုလည်း ကြိုးပမ်းကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးသည့်သီးနှံ တစ်ကေချင်းအပေါ်၌ ဆီအများဆုံးပမာဏ ထုတ်လုပ်ပေးနိုင်သည့် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးခြင်းကို မဖြစ်မနေ အကောင်အထည်ဖော်ရန် လိုအပ်သဖြင့် တောင်သူများကိုယ်တိုင် နေကြာသီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် တက်ကြွစွာ ဆောင်ရွက်လုပ်ကိုင်လာစေရေး ဆွေးနွေးစည်းရုံး အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူ၏စိတ်ဝင်တစား စိုက်ပျိုးလိုမှုဖြစ်ပေါ်လာစေရေးနှင့် နောက်ရာသီများတွင် နေကြာသီးနှံကို အောင်မြင်စွာ တိုးချဲ့စိုက်ပျိုးနိုင်ရန် တောင်သူ့ဝင်ငွေတွက်ခြေကိုက်စေမည့် နေကြာအထွက်နှုန်းရရှိစေရေးအတွက် မြေဆီလွှာစမ်းသပ်စစ်ဆေးပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ရရှိရေးနှင့် အသုံးပြုသင့်သည့် သွင်းအားစုမြေသြဇာအမျိုးအစား အချိုးအဆ ထောက်ခံချက်ပေးခြင်း စသဖြင့် မိမိတို့စွမ်းအားရှိသမျှ အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့အတူ နေကြာသီးနှံစိုက်ပျိုးဖြစ်ထွန်းရန် အလားအလာကောင်းသည့် စိုက်ပျိုးမြေဧရိယာ ရွေးချယ်သတ်မှတ်ခြင်းနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြည်တွင်းအထည်အလိပ်စက်ရုံများအတွက် လိုအပ်သည့် ဂွမ်းမွေးအရည်အသွေးထုတ်လုပ်ပေးနိုင်စေရန် ပြည်ပ ဝါမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေးကောင်းစပ်မျိုး ချည်မျှင်ရှည်ဝါကို ဝါသီးနှံစိုက်ဧရိယာ၏ ၁၀ ရာနှုန်း စိုက်ပျိုးရန်ဆောင်ရွက်လျက်ရှိပြီး ရေရှည်တွင် ပြည်တွင်းမျိုး ၈၀ ရာနှုန်းနှင့် ပြည်ပမျိုး စပ်မျိုးချည်မျှင်ရှည်ဝါ ၂၀ ရာနှုန်းစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီးနှံဈေးနှုန်းမှန်ကန်စွာရရှိမှသာ အရည်အသွေးကောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို လက်တွေ့ဖော်ဆောင်နိုင်မည်ဖြစ်၍ ဝါလုပ်ငန်းရှင်များ၊ ဝါကြိတ်စက်ပိုင်ရှင်များ၊ အဝယ်တော်များနှင့် တောင်သူများအကြား A-Grade, B-Grade , C-Grade စသည့် အရည်အသွေးကို အခြေခံသည့် ဈေးကွက်ဖော်ဆောင်နိုင်ရေး ညှိနှိုင်းကြပ်မတ်ပေးရန် လိုအပ်ကြောင်း။

ဝါသီးနှံပန်းတိုင်အထွက်ရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အပင်ပြုစုခြင်း၊ ရေသွင်းခြင်း၊ ဆွတ်ခူးခြင်းဆိုင်ရာ နည်းပညာပေးခြင်း အသိပညာပေးခြင်းလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဝါစေ့ဆီထုတ်လုပ်မှုကို ထိထိရောက်ရောက် အားပေးဆောင်ရွက်ရန် လိုအပ်ပြီး မျိုးစေ့အဖြစ် ပြန်လည်အသုံးပြုသည့်လုပ်ငန်းအား ပြဋ္ဌာန်းထားသည့် မျိုးစေ့ဥပဒေနှင့်အညီ ဆောင်ရွက်ရန်နှင့် စပ်မျိုးဝါစေ့များကို မျိုးစေ့အဖြစ် ပြန်လည်အသုံးပြုခြင်းမရှိစေရေး ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် အလေးအနက်ထား မှာကြားလိုကြောင်း၊ ယမန်နှစ်က အခြေအနေအမျိုးမျိုးကြောင့် သတ်မှတ်ကေပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့ခြင်းမရှိသော်လည်း ယခုနှစ်အတွက် သတ်မှတ်ထားသော လျာထားကေပြည့် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန်ဖြစ်ကြောင်း ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှုအပေါ် ဒေသအခြေအနေကို အခြေခံ၍ ပြန်လည်ကုစားနိုင်မည့်နည်းလမ်းကို တောင်သူများ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်ရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ပြည်နယ်ဦးစီးမှူးများ၊ ဆီထွက်သီးနှံ အထူးဇုန်တာဝန်ခံများနှင့် ဝါစီမံကိန်းတာဝန်ခံများက ဆီထွက်သီးနှံ နေကြာနှင့် ဝါသီးနှံတိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက် ဆွေးနွေးတင်ပြကာ ဒုတိယဝန်ကြီးများက လုပ်ငန်းရပ်တစ်ခုချင်းအပေါ် သုံးသပ်ဆွေးနွေး၍ လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ မှာကြားကြသည်။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှုလျှော့ချနိုင်ရေးနှင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်မှစ၍ နေကြာသီးနှံ (၁ ဒသမ ၅) သန်း တိုးချဲ့စိုက်ပျိုးဆောင်ရွက်ခဲ့ရာ နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများစိုက်ပျိုးခြင်းအတွက် ချေးငွေများ ထောက်ပံ့ပေးအပ်ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် နေကြာသီးနှံ ကေသုံးသန်း တိုးချဲ့စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းထုတ်ဝါများမှ ချည်ချောထုတ်လုပ်နိုင်ရေးနှင့် ယခင်က စိုက်ပျိုးခဲ့သည့် ဝါသီးနှံစိုက်ပျိုးဧရိယာပြည့် ကေခုနစ်သိန်း ပြန်လည်စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများကို မျိုး၊ နည်းပညာ၊ သွင်းအားစုများ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်များကို ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၁**
တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာရေးနှစ် တိုင်းရင်းသားကျေးရွာ အဆင့်မြှင့်တင်ရေး လုပ်ငန်းများတွင် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဝန်ထမ်းများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများကို စေတနာထား၍ဆောင်ရွက်ကြရန်၊ နိုင်ငံတော်ဘဏ္ဍာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်တွင် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်၍ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဌာနဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များလိုက်နာကြရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ ဝန်ထမ်းများသည် ဝန်ထမ်းရေးရာကိစ္စရပ်များကို အစဉ်တစိုက်လေ့လာသွားကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အတွင်း ဆောင်ရွက်လျက်ရှိသည့် ကပွဲခန်းမအထွေထွေပြုပြင်ခြင်း၊ အုပ်ချုပ်မှုရုံးအဆောက်အအုံဆေးသုတ်ခြင်း၊ ပြည်ထောင်စုခန်းမအထွေထွေပြုပြင်ခြင်း၊ ဆိပ်ခံဇောတံတားအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများနှင့် ဝန်ထမ်းသက်သာ ချောင်ချိရေးအတွက် သီးပင်စားပင်များ စိုက်ပျိုးထားရှိသည့် စိုက်ခင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက (၁/၂၀၂၄) Keyboard အခြေခံ အတီးသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီးသင်တန်းသား သင်တန်းသူ ၁၄ ဦးကို သင်တန်းဆင်း လက်မှတ်ပေးအပ်ကာ သင်တန်းသား သင်တန်းသူများက သင်တန်းတွင် သင်ကြားခဲ့သည့် တေးသီချင်းများဖြင့် တီးခတ်ဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ယင်းနောက် အမျိုးသားအားကစားပွဲတော်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် အမျိုးသားဘောလုံးအသင်း လေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၁**
နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နိုင်ငံတကာသယ်ယူပို့ဆောင်ရေး ထိပ်သီးအစည်းအဝေးနှင့် နိုင်ငံတကာမြူနီစီပယ်ဖိုရမ်တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၁

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ကျင်းပမည့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေး ထိပ်သီး အစည်းအဝေး (International Transport Summit 2024) နှင့် BRICS အဖွဲ့၏ နိုင်ငံတကာမြူနီစီပယ်ဖိုရမ် (International Municipal Forun Of BRICS Countries) များသို့ တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်း နိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**



**ပို့ဆောင်နှုတ်ဆက်**

နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်နှင့် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးထိပ်သီးအစည်းအဝေးနှင့် နိုင်ငံတကာ မြူနီစီပယ်ဖိုရမ်သို့ တက်ရောက်ရန် နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးဆောင်၍ အဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးထွန်းထွန်းတို့ လိုက်ပါသွားကြသည်။

**ပူးပေါင်းဆောင်ရွက်ရေး**

အဆိုပါ အစည်းအဝေးကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်အထိ မော်စကိုအစိုးရ ပို့ဆောင်ရေးနှင့် လမ်းများဆိုင်ရာအခြေခံအဆောက်အအုံဖွံ့ဖြိုးမှုဌာနနှင့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့် နိုင်ငံတကာ ဆက်ဆံရေးဌာနတို့ ပူးပေါင်း၍ မြို့ပြဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာများ ပေါင်းစပ်ဖွံ့ဖြိုးရေး၊ အဆင့်မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ မိတ်ဖက်မြို့များ၏ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ရန်အတွက် နိုင်ငံတကာကျွမ်းကျင်သူများ တွေ့ဆုံနိုင်မည့် စကြံတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ မြို့ပြသွားလာရေးနှင့် မြို့များ အဆင့်အတန်းမြင့်မားရေးတို့တွင် ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများ ဖြေရှင်းဆောင်ရွက်ရာတွင် စနစ်ကျသည့် နည်းလမ်းများကို ပူးပေါင်းဆောင်ရွက်ရန်တို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**



အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ကော်မတီဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ ဆပ်ကော်မတီ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများနှင့် စပ်လျဉ်း၍ လုပ်ငန်းစီမံချက်ပါ ကျူးလွန်သူကို တရားစွဲဆိုခြင်း၊ ကလေးသူငယ်များကို အကာအကွယ်ပေးခြင်း၊ လိုအပ်သောထောက်ပံ့ကူညီမှုများ ပံ့ပိုးပေးခြင်းတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးလုပ်သားစစ်တမ်း ၂၀၂၃-၂၀၂၄ အစီရင်ခံစာအရ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်လျက် ရှိသော ကလေးသူငယ် ၃၉ ဦးကို လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု နည်းလမ်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး စိတ်လူမှုပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အရည်အသွေးပြည့်ဝသော လုပ်သားကောင်းများ ရရှိစေရေးအတွက်လည်း လူငယ်သင်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများအတွက် သက်မွေးပညာသင်တန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်း ကော်မတီများမှလည်း ပူးပေါင်းဆောင်ရွက် ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း၊ အသိပညာပေး ဆွေးနွေးပွဲများ အနေဖြင့်လည်း ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဒုတိယ ၃ လပတ်အထိ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေး ဟောပြောပွဲ ၂၅ ကြိမ်ကို တက်ရောက်သူ ၂၂၁၈ ဦးဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ တက်ရောက်လာသူများ အနေဖြင့်လည်း ကလေးသူငယ်များအတွက် ဆောင်ရွက်ပေးနိုင်သည်များကို ဆွေးနွေးပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း) က အဆိုးရွားဆုံး ပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများ ဖယ်ရှားရေးနှင့် ပြန်လည်ကုစားရေး လုပ်ငန်းကော်မတီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဒုတိယငါးနှစ်စီမံချက်အတွက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

**ကွင်းဆင်းဆောင်ရွက်ရန်လို**

ထို့နောက် ဒုတိယဝန်ကြီးက ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများအပြင် စက်ရုံ၊ အလုပ်ရုံများအပါအဝင် ကလေးသူငယ်များ အလုပ်လုပ်နေသည့် နေရာများအထိ သွားရောက်ကွင်းဆင်းဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ပံ့ပိုးပေးနိုင်မည့် နည်းလမ်းများတွင် အသက်မွေးဝမ်းကျောင်းပညာများကို အသုံးချအလုပ်လုပ်နိုင်သည်အထိ အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးရန် အလေးပေး၍ ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM) ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှု တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး (ရန်ကုန်) နှင့် အခြားအဖွဲ့အစည်းများမှ တစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုရရှိသော မြန်မာ၏ပုဂံအား ဂုဏ်ပြုအပ်ပါသည်

■ (ဒေါက်တာသံလွင်ထွန်း၊ ကျန်းမာရေးဝန်ကြီးဌာန)

မြန်မာနိုင်ငံမှ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသအဖြစ် အသိအမှတ်ပြု သတ်မှတ်ပေးခြင်းသည် ထင်ရှားသော အောင်မြင်မှုတစ်ခုဖြစ်သည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် မြန်မာတို့၏ ရှေးဟောင်းမြို့တော်ဖြစ်ပြီး ထင်ရှားကျော်ကြားသော စေတီပုထိုးများနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကြောင့် လူသိများသော သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်ပါသည်။ ယခုကဲ့သို့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုဖြင့် အသိအမှတ်ပြုသတ်မှတ်ပေးခြင်းသည် မြို့တော်၏ ပြည်သူလူထုကျန်းမာရေးအတွက်သာမက ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်ပါ အထောက်အကူပြုရာရောက်ပါသည်။



### ဂုဏ်သိက္ခာရှိသောဆု

အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ဖန်တီးရာတွင် ထူးချွန်သော ကြိုးပမ်းအားထုတ်မှုများကို ပြသသည့် အရှေ့တောင်အာရှရှိ မြို့များနှင့် ဒေသများအတွက် ပေးအပ်သည့် ဂုဏ်သိက္ခာရှိသောဆုဖြစ်သည်။ ဤအစီအစဉ်သည် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့ကျန်းမာရေးပန်းတိုင်များနှင့် ကိုက်ညီပြီး လူနေမှုဘဝ အရည်အသွေးမြှင့်တင်ရာတွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ၏ အရေးပါမှုမြင့်မားလာခြင်းကို အသိအမှတ်ပြုထင်ဟပ်စေသည်။ မြန်မာ၏ ပုဂံအတွက် ဤဆုကို လက်ခံရရှိခြင်းမှာ ထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်ပြီး အထူးသဖြင့် များပြားလာနေသော ခရီးသွားလုပ်ငန်း၏ လိုအပ်ချက်များကို ဟန်ချက်ညီညီ ထိန်းညှိပေးသော မြို့တော်၏ ထူးခြားသော အထိမ်းအမှတ်ဖြစ်ပါသည်။

မန္တလေးတိုင်းဒေသကြီးတွင် တည်ရှိသော ပုဂံရှေးဟောင်းမြို့သည် ၂၀၁၉ ခုနှစ်တွင် UNESCO မှ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့သည်။ ၎င်း၏ ရင်သပ်ရှုမောဖွယ်ဘုရားကျောင်းများ၊ ဘုရားများ၊ စေတီပုထိုးများနှင့် အပျက်အစီးများကြောင့် လူသိများသော ပုဂံသည် မြန်မာဘုရားကျောင်းဒီဇိုင်းအပေါ် များစွာလွှမ်းမိုးမှုရှိသော ခမ်းနားသော ဗိသုကာလက်ရာများကို ပြသထားသည်။ မူရင်းမြဲစေတီကျောက်စာ၊ အနော်ရထာမင်းနန်းတော်အပါအဝင် ရှားပါး ပုဂံခေတ် ရှေးဟောင်းအမွေအနှစ်များစွာကို စုစည်းပြသထားသည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်သည် အထင်ကရနေရာတစ်ခုဖြစ်သည်။ မြန်မာ၏ပုဂံသည် ကျက်သရေရှိလှသော အတိတ်ကို တစေ့တစောင်းဖော်ဆောင်လျက် ညှို့သည်များကို ၎င်း၏ သဘာဝအလှတရားနှင့် သမိုင်းဆိုင်ရာ အရေးပါမှုများဖြင့် ဆွဲဆောင်နိုင်သော ဆေးလိပ်ကင်းစင်သော နေရာတစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါသည်။




စေတီပုထိုးများရှေ့တွင် တွေ့ရသော "ဆေးလိပ်ငွေ့ကင်းစင် ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသတစ်ခွင်" ဆိုင်းဘုတ်နှင့် အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု(ပုဂံ) ဆုတံဆိပ်

### ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်

မြန်မာ၏ပုဂံကို အာဆီယံဆေးလိပ်ငွေ့ကင်းစင်ရေးဆုဖြင့် အသိအမှတ်ပြုခြင်းသည် ပြည်သူ့ကျန်းမာရေးစီမံချက်များတွင် လူထုပါဝင်မှု၏ အရေးပါမှုကို မီးမောင်းထိုးပြနေပြီး ပုဂံ၏ ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒ၏ အောင်မြင်မှုသည် ပြည်တွင်းနေထိုင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ခရီးသွားများ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၏ ရလဒ်ဖြစ်ပါသည်။ ဤစုပေါင်းကြိုးပမ်းမှုသည် အထူးသဖြင့် ယဉ်ကျေးမှုအရ ထိခိုက်လွယ်သောဒေသများတွင် ဆေးရွက်ကြီးသုံးစွဲမှုကို တိုက်ဖျက်ရာတွင် လူထုအသိပညာပေးမှုနှင့် ပညာရေး၏ အရေးပါမှုကို အလေးပေးဖော်ပြခြင်းလည်း ဖြစ်ပါသည်။

အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် အာဆီယံဒေသတစ်ဝန်းရှိ မြို့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များကို ဂုဏ်ပြုသော အသိအမှတ်ပြုမှုတစ်ခုဖြစ်ပြီး ဆေးလိပ်ငွေ့ကင်းစင်သော ပတ်ဝန်းကျင်ကို အကောင်အထည်ဖော်ရန်နှင့် ထိန်းသိမ်းရန်၊ စံနမူနာပြ ကတိကဝတ်များကိုပြသရန်နှင့် ဤဆုသည် ထိရောက်သော ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒများ၏ အရေးပါမှုနှင့် ပြည်သူ့ကျန်းမာရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှုများကို မီးမောင်းထိုးပြနေခြင်းဖြစ်ပါသည်။ ပုဂံအမွေအနှစ်ဇုန်တွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ တည်ထောင်ရေးမူဝါဒ လမ်းညွှန်ချက်များအရ ဆေးလိပ်ကင်းစင်သောနေရာများမှာ ရှေးဟောင်း အထိမ်းအမှတ်များ၊ အစိုးရရုံးများ၊ ဟိုတယ်များ၊ ဧည့်ဦးလေဆိပ်၊ ဘုရားသုံးဆူ၊ ကစားကွင်း/ ပန်းခြံများ၊ စားသောက်ဆိုင်များ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများနှင့် လုပ်ငန်းခွင်များ ပါဝင်ကြောင်းလည်း သိရှိရပါသည်။

❒ ဤဆုသည် ထိရောက်သော ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒများ၏ အရေးပါမှုနှင့် ပြည်သူ့ကျန်းမာရေးအပေါ် သိသာထင်ရှားသော သက်ရောက်မှုများကို မီးမောင်းထိုးပြနေခြင်းဖြစ်ပါသည်။ ပုဂံအမွေအနှစ်ဇုန်တွင် ဆေးလိပ်ငွေ့ကင်းစင်သောနေရာများ တည်ထောင်ရေးမူဝါဒလမ်းညွှန်ချက်များအရ ဆေးလိပ်ကင်းစင်သောနေရာများမှာ ရှေးဟောင်း အထိမ်းအမှတ်များ၊ အစိုးရရုံးများ၊ ဟိုတယ်များ၊ ဧည့်ဦးလေဆိပ်၊ ဘုရားသုံးဆူ၊ ကစားကွင်း/ ပန်းခြံများ၊ စားသောက်ဆိုင်များ၊ စာသင်ကျောင်းများ၊ ဘုရားကျောင်းများနှင့် လုပ်ငန်းခွင်များပါဝင်

ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ကျင်းပသည့် မီးခိုးကင်းစင်သော ပုဂံအမွေအနှစ်နေရာများ လှုပ်ရှားမှုဆိုင်ရာ ရှင်းလင်းပွဲတွင် ပုဂံညောင်ဦး ခရိုင်အုပ်ချုပ်ရေးမှူးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆောင်ရွက်နေသော အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ပုဂံဒေသအတွက် မီးခိုးငွေ့ကင်းစင်သည့် အမွေအနှစ်နေရာများ တည်ထောင်ရန် ခရိုင်အုပ်ချုပ်ရေးကော်မတီက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

### မီးခိုးကင်းစင်သော အမွေအနှစ်များ

၂၀၂၃ ခုနှစ်တွင် ပြီးမြောက်အောင်မြင်မှုများကို ဆက်လက်ဖော်ပြရလျှင် ၂၀၂၁ ခုနှစ် ဇွန်လ ၁၂ ရက်နေ့အထိ ဆေးလိပ်ငွေ့ကင်းစင်သောနေရာ ၉၂ ခုမှ ၂၀၂၃ ခုနှစ် မေလ ၁ ရက်နေ့တွင် ၁၀၂ နေရာသို့ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါသည်။ "မီးခိုးကင်းစင်သော အမွေအနှစ်များ အကောင်အထည်ဖော်ရေးကြီးကြပ်ရေးကော်မတီအစည်းအဝေး" "Places, Bagan" ပရောဂျက်ကို ၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် ရပ်ရွာကိုယ်စားလှယ်များနှင့် "မီးခိုးငွေ့ကင်းစင်သော ပုဂံရှေးဟောင်းအမွေအနှစ်များ" စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် စည်းရုံးရေးဆိုင်ရာ အစည်းအဝေးကို ၂၀၂၃ ခုနှစ် မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအားလုံး၏ ဆေးလိပ်ငွေ့ကင်းစင်သောနေရာများဆိုင်ရာ အမျိုးသားပြန်လည်သုံးသပ်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၆ ရက်နေ့အထိ နေပြည်တော်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

### ကြော်ငြာဆိုင်းဘုတ်များဖြင့် သတိပေး

ပြင်ပကြော်ငြာအပိုင်းတွင်လည်း ဆေးလိပ်ငွေ့ကင်းစင်သော ကမ္ဘာ့အမွေအနှစ် ပုဂံတွင် ဆေးလိပ်ကြော်ငြာများမရှိသကဲ့သို့"ဆေးလိပ်မသောက်ရ" ဆိုင်းဘုတ်များ၊ ဆေးလိပ်မသောက်ရ ပိုစတာများ၊ ကြော်ငြာဘုတ်များနှင့် ဂရပ်ဖစ်ကျန်းမာရေး သတိပေးပိုစတာများ နေရာအနှံ့တွင် ရှိနေသည်ကို တွေ့ရှိရပါသည်။ မီးခိုးငွေ့ကင်းစင်သော ကမ္ဘာ့အမွေအနှစ်ပုဂံအကြောင်း အများပြည်သူသိရှိစေရန်အတွက် အဆိုပါမြင်သာသော ဆိုင်းဘုတ်များကို ဘုရားပုထိုးများနှင့် အခြားသောနေရာအနှံ့အပြားတွင် ပြသထားကြောင်းလည်း တွေ့ရှိရပါသည်။

ထို့အပြင် ပုဂံတွင် မီးခိုးကင်းစင်/ဆေးလိပ်ထိန်းချုပ်ရေးစာတိုများကို မြို့တော်၏ အဓိကနေရာများတွင် ပိုစတာများနှင့် ကြော်ငြာဘုတ်များအဖြစ် တွေ့ရှိရသကဲ့သို့ ပုဂံမြို့သည် ဆေးလိပ်ငွေ့ကင်းစင်သောမြို့ဖြစ်ကြောင်း ကြေညာထားသည့် ကြီးမားသော "ဆေးလိပ်ငွေ့ကင်းစင်သော ပုဂံ၊ ကျွန်ုပ်တို့၏ အမွေအနှစ်၊ကျွန်ုပ်တို့၏ဂုဏ်" ကြော်ငြာဆိုင်းဘုတ်အား မြို့အဝင်တွင် အထင်ကရတွေ့ရှိရပါသည်။

အစိုးရ၏ပံ့ပိုးကူညီမှုအနေဖြင့် ပုဂံရှိ အစိုးရရုံးဌာနများအားလုံးသည် ဆေးလိပ်ငွေ့ကင်းစင်သော နေရာများအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့သော သမိုင်းဝင်နှင့် ယဉ်ကျေးမှုအရ အရေးပါသော နေရာတစ်ခုတွင် ဆေးလိပ်ငွေ့ကင်းစင်ရေးမူဝါဒကို အကောင်အထည်ဖော်ခြင်းဖြင့်

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ပုဂံသည် ခရီးသွားများအတွက် အတွေ့အကြုံကို မြှင့်တင်ပေးရုံသာမက အာဆီယံရှိ အခြားသော ဒေသများအတွက် အပြုသဘောဆောင်သော စံနမူနာတစ်ခုလည်းဖြစ်သည်။ အဆိုပါဆုသည် မြို့သူမြို့သားများ၏ အမွေအနှစ်များကို နောင်လာနောက်သား မျိုးဆက်များအတွက် ထိန်းသိမ်းပေးကာ ဒေသတွင် နေထိုင်သူများရော ခရီးသွားများပါ အကျိုးရှိစေမည့် ပိုမိုသန့်ရှင်းကျန်းမာသော ပတ်ဝန်းကျင်ကိုဖန်တီးရန် ကြိုးပမ်းမှုများကို မီးမောင်းထိုးပြထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆု(ပုဂံ)ကို လက်ခံရရှိခဲ့ပါသည်။

ပုဂံ၏ ဆေးလိပ်ငွေ့ကင်းစင်ရေး ပဏာမခြေလှမ်းသည် ခရီးသွားလုပ်ငန်းနှင့် ပြည်သူ့ကျန်းမာရေးအတွက် ရှေ့သို့ တွေးခေါ်နိုင်သော ချဉ်းကပ်မှုကို ကိုယ်စားပြုသောကြောင့် အထူးချီးကျူးထိုက်ပါသည်။ စေတီပုထိုးပေါင်းထောင်ချီရှိသော ရှေးဟောင်းမြို့သည် ကမ္ဘာလှည့်ခရီးသွားများကို ဆွဲဆောင်ရာ နေရာတစ်ခုဖြစ်ပါသည်။ သို့သော်လည်း ဤခရီးသွားဧည့်သည်များ ဝင်ရောက်လာမှုသည် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုနေရာများ ပျက်စီးယိုယွင်းလာနိုင်သည့် အလားအလာများအပါအဝင် စိန်ခေါ်မှုများကို ဆောင်ကြဉ်းလာစေနိုင်သောကြောင့် ဆေးလိပ်ငွေ့ကင်းစင်ရေး မူဝါဒများကို အကောင်အထည်ဖော်ခြင်းဖြင့် ပုဂံသည် ၎င်း၏ရုပ်ပိုင်းဆိုင်ရာ အမွေအနှစ်များကိုဆေးရွက်ကြီး မီးခိုးငွေ့၏အန္တရာယ်ဆိုးကျိုးများမှ ကာကွယ်ပေးရုံသာမက လေထုအရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။

**ကျန်းမာရေးအလေ့အကျင့်ကောင်း**

ထို့အပြင် ပုဂံ၏အောင်မြင်မှုသည် မြန်မာနိုင်ငံအတွင်းနှင့် အာဆီယံအသိုက်အဝန်းတစ်လျှောက်ရှိ အခြားမြို့များနှင့် ဒေသများအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်သကဲ့သို့ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသည့် နည်းလမ်းဖြင့် အမွေအနှစ်နေရာများကို ထိထိရောက်ရောက် စီမံခန့်ခွဲနိုင်ကြောင်း သက်သေပြနေပါသည်။

နိဂုံးချုပ်အနေဖြင့် ပုဂံကိုပေးအပ်သော အာဆီယံဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် ကျန်းမာသန့်ရှင်းပြီး ပိုမိုရေရှည်တည်တံ့သော ပတ်ဝန်းကျင်ကို ဖန်တီးရန် မြို့တော်၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြုခြင်းပင်ဖြစ်ပါသည်။ ပုဂံပြည်သူလူထုကို အကျိုးပြုရုံသာမက ဒေသတွင်းရှိ အခြားသော အမွေအနှစ်နေရာများအတွက် စံပြအဖြစ် ဆောင်ရွက်သည့် အောင်မြင်မှုတစ်ခုလည်း ဖြစ်ပါသည်။ ပုဂံသည် ခေတ်မီပြည်သူ့ကျန်းမာရေး အလေ့အကျင့်ကောင်းများကို လက်ခံကျင့်သုံးနေချိန်တွင် ရှေးဟောင်းအံ့ဖွယ်များကို ဆက်လက်ထိန်းသိမ်းထားသောကြောင့် ၎င်းသည် ရိုးရာဓလေ့နှင့် ဆန်းသစ်တီထွင်မှုများကို လက်တွဲလုပ်ဆောင်သည့်အခါ ပြီးမြောက်အောင်မြင်နိုင်သည့် တောက်ပသော ဥပမာတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အဆိုပါ အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆုသည် မြန်မာ၏ ပုဂံနှင့် အာဆီယံအသိုက်အဝန်းတစ်ရပ်လုံးအတွက် ဂုဏ်ယူစရာကောင်းသည့် ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ဆေးလိပ်ငွေ့ကင်းစင်သောပတ်ဝန်းကျင်၏ အရေးပါမှုကို ပြသနေပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။




ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဆုပေးပွဲအခမ်းအနား၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ၂၀၂၄ ခုနှစ် ဩဂုတ်လ (တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၁ ဒီဂရီဖာရင်ဟိုက်မှ ၈၀ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၁ ဒီဂရီဖာရင်ဟိုက်မှ ၉၀ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉၁ ဒီဂရီဖာရင်ဟိုက်မှ ၁၀၀ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၄ ဒီဂရီဖာရင်ဟိုက်၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၃ ဒီဂရီဖာရင်ဟိုက်မှ ၇၂ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၂ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၇၆ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၈ မီလီမီတာမှ ၂၈ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး တောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## မြောင်းမြမြို့၌ ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင်၊ ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲကျင်းပ

**မြောင်းမြ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၄) အလတ်စားစက်ပြင်အလုပ်ရုံ၌ အမှတ် (၃/၂၀၂၄) ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်၊ ပြုပြင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းဖွင့်ပွဲကို ယမန်နေ့က ပြုလုပ်သည်။

ရှေးဦးစွာ မြောင်းမြခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးလှထွန်းက သင်တန်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် မြောင်းမြခရိုင်မှ သင်တန်းသား ၅၃ ဦးအား သင်တန်းနည်းပြဆရာ ခုနစ်ဦးတို့ဖြင့် ဩဂုတ် ၁၉ ရက်မှ စက်တင်ဘာ ၁၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။



**ဇေယျာ(ပြန်/ဆက်)**

## ကြက်မောက်တောင် ဆည်ရေသောက်ဒေသတွင် မိုးစပါးစိုက်ဧက ၄၀၀၀ စိုက်ပျိုးရန် လျာထား

**ကျောက်ပန်းတောင်း ဩဂုတ် ၂၁**

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင် ဆည်ရေသောက်ဒေသတွင် ၂၀၂၄ ခုနှစ် မိုးစပါးစိုက်ဧက စုစုပေါင်း ဧက ၄၀၀၀ စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ကြက်မောက်တောင် ဆည်ရေသောက်ဒေသ ကိုင်းကျေးရွာအုပ်စု ကိုင်းကျေးရွာတွင် မိုးစပါးစိုက်ပျိုးနေမှု အခြေအနေများကို ဩဂုတ် ၂၀ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဆွေဝင်းနှင့် တာဝန်ရှိသူများသည် ကိုင်းကျေးရွာနေတောင်သူ ဒေါ်အုံးကြည်၏ ကိုင်းရွာမကွင်း၊ ကွင်းအမှတ်(၂၂၆၈)၊ ဦးပိုင်အမှတ်-၇၁/၂ ရှိ ၁ ဒသမ ၆၀ ဧကပေါ်၌ ဆင်းသုခ မိုးစပါးစိုက်ပျိုးနေမှုများကို ကွင်းဆင်းစစ်ဆေး ကြည့်ရှု၍ မြို့နယ်ဥက္ကဋ္ဌက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များနှင့် လိုအပ်သည့်သွင်းအားစုများ ပံ့ပိုးကူညီပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**နေအောင်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဝမ်ပုံစံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်စစ်ဆေး



**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဝမ်ပုံစံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်ကာ မြန်မာ - လာအို - ထိုင်း သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မဲခေါင်မြစ်တစ်လျှောက် ရေယာဉ်ဖြင့် သွားရောက်၍မြစ်ကြောင်းတစ်လျှောက်တွင် ပြည်တွင်းခရီးသွားဧည့်သည်များ သွားရောက်အပန်းဖြေလည်ပတ်နိုင်ရေးအတွက် ဖော်ထုတ်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ မြန်မာ-လာအို- ထိုင်း သုံးနိုင်ငံနယ်စပ်တစ်လျှောက် အပျော်စီးမြစ်ကြောင်း လေ့လာရေးခရီးစဉ်များ ဖော်ထုတ်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ Golden Triangle Paradise Resort ဟိုတယ်သို့ သွားရောက်ကာ ဟိုတယ်ဝင်းအတွင်း မဲခေါင်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုမဖြစ်စေရေး မြေထိန်းနံရံ ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မြန်မာ - လာအို နယ်နိမိတ်မြစ်၊ မဲခေါင်မြစ်၏ မြန်မာဘက်ကမ်းရေတိုက်စားမှုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး စာရင်းစစ်၊ စာရင်းကောက် ၁၂၀၂ ဦး ခန့်အပ်တာဝန်ပေးမည်

**မော်လမြိုင် ဩဂုတ် ၂၁**

မွန်ပြည်နယ် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မွန်ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးတိုးဝင်းက သန်းခေါင်စာရင်းအောင်မြင်စွာကောက်ယူနိုင်ရေး ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ကြီးကြပ်ကွပ်ကဲမှု၊ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီများ၊ သန်းခေါင်စာရင်း ကော်မတီအဆင့်ဆင့်တို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ပြောကြားသည်။

သန်းခေါင်စာရင်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို လွန်ခဲ့သည့် သုံးနှစ်တာမှစတင်၍ အချိန်ယူဆောင်ရွက်ခဲ့ကြောင်း၊ နည်းပညာများ တိုးတက်လာသည့်အတွက် ယခင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများနှင့်မတူ၊ နည်းပညာအသုံးပြု စာရင်းကောက်ယူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ မွန်ပြည်နယ်အနေဖြင့် စာရင်းစစ်၊ စာရင်းကောက် ၁၂၀၂ ဦး ခန့်အပ်တာဝန်ပေးအပ်မည်ပြီး နည်းပြသင်တန်းများကို ပြည်နယ်အဆင့်၊ ခရိုင်အဆင့် စသည်ဖြင့် အဆင့်ဆင့်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးမြတ်သွင်က သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (မော်လမြိုင်)**



## ညောင်လေးပင်မြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်ပေးလျက်ရှိ

**ညောင်လေးပင် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာတက်ကြွသောလူကြီးဘဝ သဘောတရားကိုအခြေခံ၍ ကျန်းမာရေး စောင့်ရှောက်မှုပြုလုပ်ပေးကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှု၊ တိုင်းဒေသကြီးကုသရေးဦးစီးဌာန၏ ညွှန်ကြားချက်ဖြင့် ညောင်လေးပင်မြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာက ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျမှုမရှိစေဘဲ ကျန်းမာရေးတိုးတက်ကောင်းမွန်စေရေး၊ ကိုယ်လက်လှုပ်ရှားအားကစားများပြုလုပ်ပေးခြင်း၊ ဆီးချိုသွေးချိုတိုင်းပေးခြင်း၊ သွေးပေါင်ချိန်ပေးခြင်း၊ ရောဂါများဖြစ်ပွားနေပါက ဆောလျင်စွာ ကုသခြင်းဖြင့် နောက်ဆက်တွဲဆိုးကျိုးများမဖြစ်ပေါ်စေရေး၊ ဆောင်ရန်/ရှောင်ရန်များအား သေချာစွာ သိရှိနားလည်ပြီးသက်တမ်းစေ့ နေထိုင်သွားနိုင်စေရေးတို့အတွက် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်လတိုင်း ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းမှာ နိုင်ငံ့ဝန်ထမ်း ၁၃၆ ဦးအား ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစောကလျာထံမှ သိရသည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက လိုအပ်သည်များအား လာရောက်အားပေးကူညီခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## မကွေးမြို့နယ်၌ နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်းဖွင့်



**မကွေး ဩဂုတ် ၂၁**

နွားနှင့်ဆိတ် မေထုန်မဲ့သားစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ ရက်က မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိစုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းဟိန်းက အမှာစကားပြောကြားကာ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခေတ္တတိုင်းဦးစီးမှူး ဒေါက်တာအောင်မင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ နွားနှင့်ဆိတ်မေထုန်မဲ့သားစပ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄ မက)ကို ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၇ ရက်အထိ မကွေးခရိုင်အတွင်းရှိ မြို့နယ်များနှင့် ချောက်ခရိုင်အတွင်းရှိ မြို့နယ်များမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၁၀၀ အား သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို (ဖန်ခါးမြေ)**

**❍ ကျောဖုံးမှ**

ခရီးသွားပြည်သူများအား ရောင်းချပေးလျက်ရှိပြီး ရိုးရိုးတန်းလက်မှတ်များကို ဩဂုတ် ၂၂ ရက်အတွက် (၁ ရက်ကြို) လက်မှတ်စောင်ရေ ၂၀၀ နှင့် ယနေ့ ၂၁ ရက်အတွက် နေ့ချင်းလက်ကျန် ရိုးရိုးတန်း လက်မှတ်စောင်ရေ ၁၅၈ စောင်အား တန်းစီစနစ်ဖြင့် စာရင်းကောက်ယူ၍ စိစစ်ရောင်းချပေးနေကြောင်းနှင့် လက်မှတ်ခ ဈေးနှုန်းမှာ ရန်ကုန်သို့ အထက်တန်း ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်း ငွေကျပ် ၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**ရောင်းချပေးမည်ဖြစ်**

ထိုသို့ ရထားလက်မှတ်များ ရောင်းချပေးရာတွင် ခရီးသည်တစ်ဦးလျှင် ခရီးသွားမည့်သူ ကိုယ်တိုင်အပါ အထက်တန်း သုံးစောင်၊ ရိုးရိုးတန်းငါးစောင် ရောင်းချပေးခြင်းဖြစ်ပြီး မှတ်ပုံတင်မူရင်းဖြင့် ဝယ်ယူရမည်ဖြစ်ကာ လက်မှတ်များကို နေ့စဉ် နံနက် ၇ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ တစ်ကြိမ်နှင့် နေ့ချင်းလက်ကျန် လက်မှတ်များ ကျန်ရှိနေသေးပါက ည ၇ နာရီတွင် တစ်ကြိမ်ဆက်လက် ရောင်းချပေးမည်ဖြစ်ကြောင်းနှင့် လက်မှတ်များကို လက်မှတ်ရုံတွင် တိုက်ရိုက် ဝယ်ယူရမည်ဖြစ်ပြီး အဆင်မပြေမှုများရှိပါက ရုံပိုင်ကြီး (အထူးတန်း) ပြည်ဘူတာထံတွင် လာရောက် အကူအညီတောင်းခံနိုင်ကြောင်းနှင့် ရထားထွက်ချိန်မှာ နေ့စဉ်ည ၉ နာရီတိတိဖြစ်ကြောင်း မြန်မာ့မီးရထား ပြည်ဘူတာမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

**❖ ကျောဖုံးမှ**

ယင်းမှာ ၂၀၀၉ - ၂၀၁၀ ခုနှစ်နောက်ပိုင်း ပီအက်ဖ်အေ အမျိုးသားတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုနှင့် လူငယ်အကောင်းဆုံး ကစားသမားဆုတို့ကို ဆွတ်ခူးနိုင်သည့် ပထမဆုံး အင်္ဂလန်ကစားသမား ဖြစ်လာခဲ့သည်။ ဖိုဒင်သည် ၂၀၂၃-၂၀၂၄ ရာသီတွင် ၃၅ ပွဲပါဝင်ကစားကာ ၁၉ ဂိုးသွင်းယူပေးပြီး မန်စီးတီးအသင်းကို စံချိန်တင် လေးကြိမ်ဆက် ပရီမီယာလိဂ်ဖလား ဆွတ်ခူးရရှိရန် ကူညီပေးထားနိုင်သူ ဖြစ်သည်။

ထို့ပြင် ဖိုဒင်သည် ပရီမီယာလိဂ်ဖလားကို ခြောက်ကြိမ် ဆွတ်ခူးထားနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ထားသည်။

ဖိုဒင်သည် ယမန်နှစ်က ပရီမီယာလိဂ် တစ်နှစ်တာအကောင်းဆုံးဆုကိုလည်း အသင်းဖော် ဟာလန်း၊ ရိုဒရီ၊ ပဲလ်မာ၊ အိုဒီဂတ်၊ ဝတ်ကင်စ် တို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးရရှိထားသူ ဖြစ်သည်။

အသက် ၂၂ နှစ်အရွယ် ချယ်ဆီးတောင်ပံကစားသမား ပဲလ်မာသည် အသင်းအတွက် ၎င်း၏ပွဲဦးထွက်ရာသီတွင် ပရီမီယာလိဂ် ၃၄ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၂၂ ဂိုး သွင်းယူပေးထားနိုင်သည်။ ပဲလ်မာသည် အာဆင်နယ်အသင်းမှ ဆာကာ၊ မန်ယူကစားသမားနှစ်ဦးဖြစ်သည့် မိုင်နူးနှင့် ဂါနာချို၊ ခရစ္စတယ်ပဲလေ့စ် ကစားသမားဟောင်း အိုလစ်၊ ဘရိုက်တန်အသင်းမှ ပက်ဒရိုတို့ကို ကျော်ဖြတ်ကာ အမျိုးသားတစ်နှစ်တာ အကောင်းဆုံး လူငယ်ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ဟားရစ်၏ အမည်စာရင်းတင်သွင်းခြင်းကို ဒီမိုကရက်တစ်ညီလာခံကိုယ်စားလှယ်များ အတည်ပြု

ဝါရှင်တန် ဩဂုတ် ၂၁




ယနေ့သည် အမေရိကန် ပြည်ထောင်စု ချီကာဂို၌ ဒီမိုကရက်တစ်ပါတီ နိုင်ငံလုံးဆိုင်ရာ ညီလာခံ ကျင်းပနေသည့် ဒုတိယမြောက်နေ့ဖြစ်သည်။ ကာမလာဟားရစ်ကို ဒီမိုကရက်တစ်ပါတီသမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းရန် မဲပေးခေါ်ယူသည့် အခမ်းအနားနှင့် ညီလာခံကို ဖွင့်လှစ်ခဲ့သည်။

ကာမလာ ဟားရစ်နှင့် ရွေးကောက်ပွဲဝင်ဖက် မင်နီဆိုးတားပြည်နယ် အုပ်ချုပ်ရေးမှူး တင်မ်ဝေါ့လ်ဇ်တို့၏ အမည်စာရင်းတင်သွင်းခြင်းကို အတည်ပြုရန် ကိုယ်စားလှယ်များ စုဝေးရောက်ရှိခဲ့ကြသည်။ ကာမလာဟားရစ်နှင့် တင်မ်ဝေါ့လ်ဇ်တို့သည် မဲဆွယ်စည်းရုံးပွဲအတွက် မီလ်ဝါကီ ကို ရောက်ရှိနေသည့်အတွက် အဆိုပါ အခမ်းအနားသို့ မတက်ရောက်နိုင်ခဲ့သော်လည်း အမည်စာရင်းတင်သွင်းခြင်းခံရသည့် အတွက် ဂုဏ်ယူကြောင်း ညီလာခံကျင်းပနေချိန်အတွင်း အွန်လိုင်းမှတစ်ဆင့် ပြောကြားခဲ့သည်။

ရှေ့ဆက်သွားမည့် လမ်းကြောင်း၊ လွတ်လပ်ခြင်း၏ အနာဂတ်၊ အကောင်းမြင်မှုနှင့် ယုံကြည်မှုဆိုင်ရာ အခွင့်အလမ်းများအတွက် မိမိတို့အတူတကွ ဖော်ဆောင်သွားမည်ဟု ကာမလာဟားရစ်က ပြောကြားလိုက်သည်။

ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံလုံးဆိုင်ရာကော်မတီသည် ယခုလအစောပိုင်းတွင် အွန်လိုင်းမဲပေးမှုတစ်ခုပြုလုပ်ခဲ့ပြီး ကာမလာဟားရစ်ကို အမည်စာရင်းတင်သွင်းသူအဖြစ် အတည်ပြုပြီးဖြစ်သည်။

အမေရိကန် သမ္မတဟောင်း ဘားရက်အိုဘားမားနှင့် ၎င်း၏ ဇနီး မီရှယ်တို့သည် စင်မြင့်ပေါ်သို့ တက်ရောက်ခဲ့ကြသည်။ "အမေရိက က သူ့ကိုပေးခဲ့တဲ့ တူညီတဲ့ အခွင့်အလမ်းတွေအတိုင်း လူတွေကို ပြန်လည်ပေးအပ်ဖို့ သူ့ဘဝတစ်လျှောက်လုံး ကြိုးစားနေသူကို ရွေးကောက်တင်မြှောက်ဖို့ မိမိတို့မှာ အခွင့်အရေးတစ်ခုရှိတယ်" ဟု အမေရိကန်သမ္မတဟောင်း အိုဘားမားက ပြောကြားခဲ့သည်။ ထို့အပြင် နောင်ဖြစ်လာမည့် အမေရိကန် ပြည်ထောင်စု၏ သမ္မတသည် ကာမလာဟားရစ်ဖြစ်ကြောင်းလည်း အိုဘားမားက ထပ်လောင်းပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီ ထောက်ခံသူများကြားတွင် အိုဘားမားသည် ယခုချိန်အထိ ရေပန်းစားလျက်ရှိသည်။ အထူးသဖြင့် လူငယ်မဲဆန္ဒရှင်များကြားတွင် လူကြိုက်များလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## အသက် ၁၁၆ နှစ်အရွယ် ဂျပန်အမျိုးသမီးကြီး ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်လာဖွယ်ရှိ

တိုကျို ဩဂုတ် ၂၁

စပိန်နိုင်ငံမှ အသက် ၁၁၇ နှစ်အရွယ် အမျိုးသမီးကြီး ဆုံးပါးသွားပြီးနောက် ဂျပန်နိုင်ငံမှ အသက် ၁၁၆ နှစ်အရွယ် အမျိုးသမီးကြီးသည် သက်ရှိထင်ရှားရှိသော ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဖြစ်လာမည်ဖြစ်သည်။ ဂင်းနက်စ်မှတ်တမ်းစာရင်းဝင် မာရီယာ ဘရန်နီယာ မိုရီယာ သည် လွန်ခဲ့သည့် ဩဂုတ် ၁၉ ရက်က အသက် ၁၁၇ နှစ်တွင် ဆုံးပါးသွားခဲ့သည်။

ဘရန်နီယာသည် ၁၉၀၇ ခုနှစ်တွင် အမေရိကန်တွင် မွေးဖွားခဲ့ပြီး ကလေးအရွယ်ကပင် စပိန်နိုင်ငံသို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် စပိန်ပြည်တွင်းစစ်အပါအဝင် ကမ္ဘာစစ်ကြီးနှစ်ခုကို ကြုံတွေ့ခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် စပိန်နိုင်ငံအရှေ့မြောက်ပိုင်း ကက်တလိုနီးယားရှိ သက်ကြီးစောင့်ရှောက်ရေး ဂေဟာတွင် နေထိုင်ခဲ့သည်။ ၎င်းတွင် မည်သည့်ကျန်းမာရေးပြဿနာမျှ မရှိချေ။ ၎င်း၏အသက် ၁၁၃ နှစ်မြောက်တွင် ကိုဗစ် - ၁၉ ကူးစက်ခံခဲ့ရသည်။

သို့သော်လည်း ရက်အနည်းငယ်အတွင်း ပြန်လည်ကောင်းမွန်လာခဲ့သည်။ ၎င်း၏ အသက်ရှည်ကျန်းမာမှုမှာ မိသားစု၊ သူငယ်ချင်းများနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိခြင်းကြောင့်ဟု ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံ အနောက်ပိုင်း ဟယိုဂို စီရင်စုတွင် နေထိုင်သော အိုင်တိုကာ တိုမီကိုသည် ယခုအခါ သက်ရှိထင်ရှားရှိသော အသက်အကြီးဆုံး အမျိုးသမီးကြီးဖြစ်လာသည်ဟု အမေရိကန် သုတေသန အဖွဲ့တစ်ခုကပြောသည်။

**အင်န်အိတ်ချ်ကေ**

## အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အမြန်ဆုံးလက်ခံရန် ဘလင်ကန် က ဟားမားစ်အဖွဲ့ကိုတိုက်တွန်း

ဝါရှင်တန် ဩဂုတ် ၂၁

ဂါဇာကမ်းမြောင်ဒေသတွင် အပစ်အခတ်ရပ်စဲရေး အဆိုပြုချက်ကို အမြန်ဆုံးလက်ခံရန် ဟားမားစ်အဖွဲ့ကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က တောင်းဆိုလိုက်သည်။



ဘလင်ကန်သည် ဩဂုတ် ၂၀ ရက်က အီဂျစ်နှင့် ကာတာနိုင်ငံတို့သို့ သွားရောက်ခဲ့သည်။ အဆိုပါ နိုင်ငံများနှင့် အမေရိကန်သည် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ ပြန်လွှတ်ပေးရေးတို့အတွက် သဘောတူညီချက် ရရှိရေး ကြားဝင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေကြသည်။

ဆွေးနွေးမှုများ အပြီးတွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို မိန့်ခွန်းပြောကြားခဲ့သည်။ အချိန်က အရေးကြီးဆုံးဖြစ်ပြီး ဒေသအတွင်း နေ့စဉ်နှင့်အမျှ အန္တရာယ်များတိုးလာနိုင်ကြောင်းပြောကြားခဲ့သည်။ အစ္စရေးနှင့် ဟားမားစ်တို့ကြား ကွာဟမှု နည်းနိုင်သမျှ နည်းစေရေး ကြိုးပမ်းအားထုတ်မှုများနှင့် အဆိုပြုချက်များကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

ယခုအခါ အစ္စရေးသည် အဆိုပြုချက်ကို လက်ခံလိုက်ပြီဖြစ်ပြီး ဟားမားစ်တို့ကလည်း အလားတူ လုပ်ဆောင်လိမ့်မည်ဟု ကြားဝင်ညှိနှိုင်းပေးသူများက မျှော်လင့်ထားကြောင်း ၎င်းက ဆက်ပြောသည်။ အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့သည် လာမည့်ရက်များအတွင်း ဟားမားစ်အဖွဲ့အား အဆိုပြုချက်ကို လက်ခံလာစေရေး တတ်နိုင်သမျှ လုပ်ဆောင်သွားမည်ဟု ဘလင်ကန်က ပြောသည်။ နောက်တစ်ကြိမ် ဆွေးနွေးပွဲကို ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အီဂျစ်နိုင်ငံ၌ ပြုလုပ်သွားမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## ဘူရွန်ဒီနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၁၅၃ ဦးအထိ မြင့်တက်လာ

ဘူဂျမ်ဘူရာ ဩဂုတ် ၂၁

ဘူရွန်ဒီနိုင်ငံတွင် ဇူလိုင် ၂၅ ရက်က မျောက်ကျောက်ရောဂါစတင်ဖြစ်ပွားပြီးနောက် ရောဂါကူးစက်ဖြစ်ပွားသူပေါင်း ၁၅၃ ဦးအထိ စံချိန်တင်ရှိလာကြောင်း ပြည်သူ့ကျန်းမာရေးနှင့် အေအိုင်ဒီအက်စ် တိုက်ဖျက်ရေးဝန်ကြီး လို့က်ဝိုင်း ဘရာဒါဟာနာက ပြောသည်။

ဩဂုတ် ၁၈ ရက်အထိ နိုင်ငံတစ်ဝန်း မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၃ ဦးအထိ စံချိန်တင်ရှိကြောင်း ၎င်းက ဩဂုတ် ၂၀ ရက်တွင် ဖုန်းဆက်သွယ်မှုမှတစ်ဆင့် ဆင်ဟွာသတင်းဌာနသို့ပြောသည်။ မျောက်ကျောက်ရောဂါမှာ လျင်မြန်စွာပျံ့နှံ့ကူးစက်လာသည်ဟု ဆိုသည်။

မျောက်ကျောက်ရောဂါကို အခမဲ့ကုသပေးကြောင်း ဝန်ကြီး ဘရာဒါဟာနာက ပြောသည်။ ထို့ပြင် လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါနှင့် ဆက်စပ်ပြီး သေဆုံးသူ မရှိသေးကြောင်း ၎င်းက ဆက်ပြောသည်။ ဘူရွန်ဒီနိုင်ငံသည် ပထမဆုံးမျောက်ကျောက်ရောဂါကူးစက်ဖြစ်ပွားမှုကို ဇူလိုင် ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

**ဆင်ဟွာ**

## မာလာဝီနိုင်ငံ၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ နှစ်ဦးသေဆုံးပြီး တစ်ဦးအသက်ရှင်

လီလွန်ဂွေး ဩဂုတ် ၂၁

မာလာဝီရေကန်ထဲသို့ လေယာဉ်ငယ်တစ်စင်း ဩဂုတ် ၂၀ ရက်က ပျက်ကျမှုဖြစ်ပွားပြီးနောက် နှစ်ဦးသေဆုံးကြောင်း ဒေသအာဏာပိုင်များက ဩဂုတ် ၂၁ ရက်တွင် အတည်ပြုပြောသည်။

လေယာဉ်အမှုထမ်းတစ်ဦးနှင့် ခရီးသည် နှစ်ဦး တင်ဆောင်လာသော အဆိုပါ လေယာဉ်ငယ်သည် မာလာဝီနိုင်ငံ၏ မြို့တော် လီလွန်ဂွေး၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာ အင်ခိုတာကိုတာခရိုင်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ခရိုင်ပြောရေးဆိုခွင့်ရှိသူ ဝန်ဂါနီက ပြောသည်။

အသက် ၅၀ အရွယ် ဇင်ဘာဘွေလေယာဉ်မှူးနှင့် အသက် ၂၉ နှစ်အရွယ် နယ်သာလန်ခရီးသည်တို့ သေဆုံးကြောင်း အတည်ပြုခဲ့သည်။ အသက်ရှင်လွတ်မြောက်ခဲ့သော အသက် ၂၂ နှစ်အရွယ် နယ်သာလန်ခရီးသည် အမျိုးသမီးကို ဒေသန္တရရေလုပ်သားတစ်ဦးက ကယ်တင်ခဲ့ကြောင်း ဝန်ဂါနီက ဆက်ပြောသည်။

**ဆင်ဟွာ**

## မော်လ်ဒိုက်နိုင်ငံသို့ ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၃ သန်းကျော် ဝင်ရောက်

မာလေ ဩဂုတ် ၂၁

မော်လ်ဒိုက်နိုင်ငံသည် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၃ သန်းကျော်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ နောက်ဆုံး ကိန်းဂဏန်းအချက်အလက်အရ သိရသည်။

ဩဂုတ် ၁၉ ရက်အထိ ကမ္ဘာလှည့်ခရီးသွား ၁၃၀၄၂၃၆ ဦး မော်လ်ဒိုက်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြောင်း၊ ယင်းပမာဏသည် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောသည်။

မော်လ်ဒိုက်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့် ခရီးသွားများအနက် တရုတ်နိုင်ငံက ၁၈၄၀၀၀ ဖြင့် အများဆုံးဖြစ်ပြီး ယင်းနောက်တွင် ရုရှားနိုင်ငံက ၁၃၉၀၀၀ နှင့် ဗြိတိန်နိုင်ငံက ၁၁၂၀၀၀ တို့ဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

ဩဂုတ် တစ်လတည်းတွင် မော်လ်ဒိုက်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁၂၁၇၉ ဦး လာရောက်လည်ပတ်ခဲ့သည်ဟု ဆိုသည်။

၂၀၂၃ ခုနှစ်တွင် မော်လ်ဒိုက်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ၁၈၇၈၅၄၃ ဦး စံချိန်တင် လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၀၂၄) ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုံ့ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး (၁)ရက်မှ (၂၁) ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့်လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ခြင်း၊
- ဖျားခြင်း (>38.5 °C)၊
- အကျိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- Mpox (မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင်အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာ ထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း (Mask) တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%) ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည်အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့်မျက်လုံးများကို ကိုင်တွယ်ခြင်း မပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာ ဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...) များကို ရေ၊ ဆပ်ပြာနှင့်စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့်အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်) ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့်ကုသမှုခံယူပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

## စစ်တောင်းမြစ်ရေအခြေအနေ

**ရန်ကုန် ဩဂုတ် ၂၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက် အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ ပေဝက်ကျော် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




## ပါရီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေ ပြင်သစ်နိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၁**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ၂၀၂၄ ခုနှစ် ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၈ ရက်အထိ ကျင်းပမည့် ၂၀၂၄ နွေရာသီ မသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲ( Paris 2024 Paraly-mpic Games)သို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်မှ ပြေးခုန်ပစ်အားကစားသမား မောင်စိုးပေနှင့် အုပ်ချုပ်သူ ဦးမင်းနိုင်ဦး၊ နည်းပြ ဒေါက်တာထက်ဇေယျာတို့သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာသွားရာ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် လှမိုး၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မောင်စိုးပေသည် အမျိုးသား မီတာ ၁၀၀ နှင့် မီတာ ၂၀၀ ပြိုင်ပွဲဆေးအဆင့် (T64) (ဒူးအောက်တစ်ဖက်) ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မောင်စိုးပေအနေဖြင့် ပြီးခဲ့သည့် လေးနှစ်တာကာလအတွင်း နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်ငါးခု စုစုပေါင်းဆုတံဆိပ်ကိုးခုရရှိခဲ့သည့်အတွက် ကမ္ဘာ့မသန်စွမ်းပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ကမ္ဘာ့မသန်စွမ်းအားကစားအဖွဲ့ချုပ်တို့က ယခု နွေရာသီမသန်စွမ်းအိုလံပစ်အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာကာစိုး

## ချမ်းအေးသာစံမြို့နယ်နှင့် ရွှေညောင်မြို့တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

ချမ်းအေးသာစံမြို့နယ်နှင့် ရွှေညောင်မြို့တို့တွင် ငွေကျပ် ၂၃၇၉ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ သန်းထွန်းအောင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၇၀၅ ပြားနှင့် စိတ်ပြောင်းဆေးဝါးများဖြစ်သည့် Happy Water ၀ ဒသမ ၁၂၆ ကီလို၊ ကက်တမင်း ၀ ဒသမ ၀၂ ကီလို၊ အိုက်စ် ၀ ဒသမ ၁၃၅ ကီလိုကိုလည်းကောင်း၊ ထို့အပြင် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၉ ရက် ညနေ ၆ နာရီခွဲတွင် ရွှေညောင်မြို့ တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးကျေးရွာအနီးတွင် ဇော်ဦး(ခ)သက်ဟိန်း မောင်းနှင်လာသည့် TOYOTA CALDINA အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၇ ဒသမ ၄ ကီလို၊ Happy Water ၁ ဒသမ ၄၉ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားကြောင်းနှင့် ကျန်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်

**နေပြည်တော် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ကျောက်ကန်ကျေးရွာကို ဩဂုတ် ၁၉ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်းနှင့် ကျန်ရှိသည့်ပစ္စည်းများကို ဖျက်ဆီးသွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မြင်းခြံမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံအကြမ်းဖက်သမားများက မြင်းခြံမြို့နယ်မှ ကျေးရွာအချို့ကို လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် နေအိမ်များ မီးလောင်ပျက်စီးပြီး ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိရာ ၎င်းကျေးရွာမှ ပြည်သူပိုင်ပစ္စည်းများကို ယူဆောင်ခြင်းနှင့် ဖျက်ဆီးခြင်းများမရှိကြောင်း သိရှိရသည်။

၎င်း PDF အမည်ခံအကြမ်းဖက်သမားများသည် မြင်းခြံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့်အတွက် ဒေသခံပြည်သူများက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများဖြင့် လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများစာရင်းအား တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား




**နေပြည်တော် ဩဂုတ် ၂၁**

နိုင်ငံတစ်ဝန်းတွင် စစ်မှုထမ်းရန် အကျုံးဝင်သည့် အမျိုးသမီးများစာရင်းကို တပ်မတော်က ကောက်ယူနေကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ နိုင်ငံတစ်ဝန်း စစ်မှုထမ်းရန်အကျုံးဝင်သည့် အမျိုးသမီးများ စာရင်းကို ကောက်ယူခြင်းမရှိကြောင်းနှင့် အမျိုးသမီးများ စစ်မှုထမ်းဆောင်ခြင်းနှင့် ပတ်သက်ပြီး နိုင်ငံတော်နှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က မည်သည့်ထုတ်ပြန်ကြေညာချက်မှ ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၌ ဩဂုတ် ၁၉ ရက် ည ၇ နာရီ မိနစ် ၂၀ ခန့်က မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလ ရပ်ကွက်ရှိ Auto Man ကားရေဆေးဆီထိုးဆိုင်ရှေ့လမ်းဘေး၌ မော်တော်ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက် မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားပြီး ဖြစ်စဉ်ကို စိစစ်ခဲ့ရာ ကန်နောက်ရပ်ကွက်နေ ဝင်းမောင်(၅၆)နှစ် မောင်းနှင်လာသည့် BGO-11 2Q-xxxx MAZDA BIANTE မော်တော်ယာဉ်သည် အင်ဂျင်ခန်းအတွင်း သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများပေါက်ပြဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး မော်တော်ယာဉ်မှာ မီးလောင်ပျက်စီးခဲ့သောကြောင့် ဝင်းမောင်အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၌ ဩဂုတ် ၂၀ ရက်က လျှပ်စစ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား နှစ်ဦး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် ည ၁၀ နာရီခွဲခန့်တွင် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သက်သေများနှင့်အတူ လှည့်ကင်းဆောင်ရွက်နေစဉ် ပုဗ္ဗသီရိမြို့နယ် ညစျေးအနီး ဇော်ဂျီလမ်းပေါ်တွင် အမျိုးသားနှစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိစစ်ဆေးခဲ့ရာ တပင်ရွှေထီးရပ်ကွက်နေ နေထက်လင်း(ခ)ဘဂျစ်(၁၉)နှစ် (ဘ) ဦးလင်းလင်းနှင့် ကျည်တောင်ကန် (၁) ရပ်ကွက်နေ ရဲထက်ပိုင်(ခ)ညိုလေး(၂၂)နှစ် (ဘ)ဦးညိုကြီးတို့ဖြစ်ပြီး ၎င်းတို့ နှစ်ဦးထံမှ အဖြူရောင်ကြွပ်ကြွပ်အိတ်အတွင်း လျှပ်စစ်မီးကြိုး(ကြေးကြိုး) ဖြတ်စ ၅၀ ကျပ်သားခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ နေထက်လင်း (ခ)ဘဂျစ်နှင့် ရဲထက်ပိုင်(ခ) ညိုလေးတို့ နှစ်ဦးသည် အဆိုပါလျှပ်စစ်မီးကြိုးများကို ပုဗ္ဗသီရိမြို့နယ် တပင်ရွှေထီးရပ်ကွက်ရှိ နေအိမ်တစ်အိမ်အတွင်းမှ ဖြတ်တောက်ခိုးယူခဲ့ခြင်းဖြစ်ပြီး ၎င်းအပြင် ကွန်ပရက်ဆာ တစ်လုံး၊ မော်တာ တစ်လုံးနှင့် ရေမော်တာ တစ်လုံးတို့ကို ခိုးယူခဲ့ပြီး နေထက်လင်း(ခ)ဘဂျစ်၏ နေအိမ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် သက်သေခံပစ္စည်းများကို သွားရောက်သိမ်းဆည်းခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံ နေထက်လင်း(ခ)ဘဂျစ်နှင့် ရဲထက်ပိုင်(ခ)ညိုလေးတို့အား **(အောက်ပုံ)** ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ နိုင်ရေး အမှုရေးဖွင့်ပြီး ဆက်စပ်ပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “MC ZAW MIN” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နေ ဇော်မင်းထွန်း (ခ)ပြောင်ကြီးအား နံနက် ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zin Moe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ သန့်ဇင်မိုးအား မွန်းတည့် ၁၂ နာရီတွင် လည်းကောင်း၊ “LU LU SWE” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ လုလုဆွေ (ခ)ပန်ပန်အား မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ “Kyaw Zin Win” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ အမရပူရမြို့နယ်နေ ကျော်ဇင်ဝင်း(ခ)ဖိုးသားအား မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ “Demo Koko” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ မောင်ကိုကို အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း၊ “EI MA MA” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်နေ မမသက်အား ညနေ ၆ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Aung Kyaw Myo Myo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဝမ်းတွင်းမြို့နယ်နေ အောင်ကျော်မျိုးအား ည ၈ နာရီခွဲတွင်လည်းကောင်း၊ “အမေ့သားပြည့်ဖြိုး” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ်နေ ဖြိုးမင်းသန်း(ခ)ပေါလု အား ည ၉ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Zar Ni Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ်နေ ဇာနည်စိုးအား ည ၁၁ နာရီ ၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးဘက်အသုံးဝင် ယာကွန်ပင်

ဒေါက်တာလပြည့်ခင်

**နှစ်ရှည်ခံအပင်ဖြစ်သော ယာကွန်ပင်သည် ရှမ်းပြည်နယ်ရှိ ဒေသအများစုတွင် အများအပြား ပေါက်ရောက်သည်။ ယာကွန်ပင်မျိုးရင်းသည် Asteraceaeဖြစ်ပြီး ရုက္ခဗေဒအခေါ် (Smallanthus Sonchifolius) ဖြစ်သည်။ မူလစိုက်ပျိုးရာဒေသမှာ တောင်အမေရိကတိုက်ဖြစ်ပြီး ကိုလံဘီယာနှင့် အာဂျင်တီးနားတွင်လည်း စိုက်ပျိုးကြသည်။ ယာကွန်ပင်သည် အပေါ်ပိုင်း အပင်ခြောက်၍ အရွက်ကြွေကျချိန်တွင် မြေအောက်ရှိပင်စည်ဥကို တူးဖော်စားသုံးနိုင်သည်။ ယာကွန်ဥသည် ပျမ်းမျှ အလေးချိန် ၃၀၀ ဂရမ်ခန့်ရှိပြီး ကြီးထွားသန်မာပါက ၂၀၀၀ ဂရမ်ခန့်အထိ ရှိသည်ကို တွေ့နိုင်သည်။**



### Super Food ဟု ခေါ်ဆို

ကြွပ်ဆတ်၍ အရည်ရွှမ်းပြီး ပန်းသီး၊ သစ်တော်သီးတို့ကဲ့သို့ ချိုမြိန်သော ထူးခြားသော ယာကွန်ပင်စည်ဥ(Tuber Root)ကို စားသုံးနိုင်ရန်အတွက် စိုက်ပျိုးကြသည်။ ယာကွန်ဥကို တူးဖော်ပြီးနောက် ခြောက်သွေ့၍ အေးမြပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် ထားပါက ကာလအတန်ကြာအထိ သိုလှောင်ထားနိုင်သည်။ နေရောင်တွင် နှစ်ပတ်ခန့် လှန်းပြီးစားပါက အချိုအရသာကို ပိုမိုရရှိစေသည်။ အပင်တွင်းရှိ ကစီဓာတ် (Carbohydrate)များ ပြောင်းလဲလာခြင်းကြောင့် သိုလှောင်စဉ်အတွင်း သကြားဓာတ်ပါဝင်မှု တိုးလာ၍ဖြစ်သည်။ ယာကွန်ပင်သည် စိုက်ပျိုးရလွယ်ကူသည့်အပင်ဖြစ်သည်။ ယာကွန်ကို အရည်ရွှမ်းသောဥ၊ မြေအောက်သစ်တော်သီး၊ မြေအောက်ပန်းသီး၊ ယာကွန်အာလူး၊ ယာကွန်စတော်ဘယ်ရီဟု နိုင်ငံကိုလိုက်၍ ခေါ်ဆိုမှုအမျိုးမျိုးတွေ့ရပါသည်။ အချို့နိုင်ငံများတွင် ယာကွန်ဥကို Super Food ဟု ခေါ်ဆိုကြပါသည်။ ယင်းသည် ဆေးဖက်ဝင်အပင်တစ်မျိုးလည်းဖြစ်သည်။ ယာကွန်ပင်များသည် အများအားဖြင့် လေးပေမှ ငါးပေအမြင့်အထိ ရှိသည်။ အေးမြသော ရာသီဥတုမျိုးကိုကြိုက်နှစ်သက်သည်။ တချို့နေရာတွင် ရာသီဥတုနှင့် ကိုက်ညီမှုရှိပါက ခုနစ်ပေမှ ရှစ်ပေအထိ အမြင့်ရှိနိုင်သည်။ စိုက်ပြီး ငါးလမှ ကိုးလအတွင်း ပန်းပွင့်ပြီး အပွင့်မှာ အဝါရောင်ဒေစီပန်းကဲ့သို့သော သေးငယ်သောအရွယ်ရှိပြီး အစိမ်းရင့်ရောင်အရွက်တို့ ရှိသည်။

ယာကွန်ပွင့်ကို ရုတ်တရက်ကြည့်ပါက အေးသောဒေသတွင်ပေါက်သော နေကြာအရိုင်းပန်းပွင့်ကဲ့သို့ ပုံသဏ္ဌာန်ရှိသည်။ ယာကွန်ပင်အထက်ပိုင်း ပန်းပွင့်သည် နေကြာပန်းကဲ့သို့ဖြစ်ပြီး အောက်ဘက်အမြစ်သည် ကန်စွန်းဥကဲ့သို့ အသွင်ရှိသည်။ အများအားဖြင့် ယာကွန်ပင်၏ မူလဒေသဖြစ်သော တောင်အမေရိကတိုက်တွင် အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်၊ ပန်းရောင်၊ ခရမ်းရောင်တို့ရှိပြီး ထင်ရှားသော အနံ့အရသာရှိသည်။ မြန်မာနိုင်ငံတွင် အဝါရောင်ယာကွန်ဥကို အများဆုံးတွေ့ရသည်။ မြေအောက်မြစ်ဖြစ်သော ယာကွန်ဥကို ချက်ပြုတ်၍သော်လည်းကောင်း၊ အစိမ်းသော်လည်းကောင်း စားသုံးနိုင်သည်။ ထို့အပြင် ယာကွန်ဥသည် အချိုဓာတ်ရသဖြင့် သကြားအစားထိုးအဖြစ် အစားအစာအမျိုးမျိုးတွင် ကျန်းမာရေးအစားအစာအဖြစ် ထည့်သွင်းကြသည်။ ယာကွန်ဥဖျော်ရည် (Yacon Syrup) သည် ချဉ်ဖန်ကိန်း (pH–5.4)ရှိ၍ အက်စစ်ဂုဏ်သတ္တိအနည်းငယ်ရှိပြီး ချဉ်သောအရသာ အနည်းငယ်ရှိသည်။

ယာကွန်ဥ ၁၀၀ ဂရမ်လျှင် ကစီဓာတ် ၈၉ ဒသမ ၉၀ မီလီဂရမ်၊ အမျှင်ဓာတ် ၄ ဂရမ်၊ အသားဓာတ် ၂ မှ ၅ ဂရမ်နှင့် သကြားဓာတ် ၁၅ မှ ၄၀ ဂရမ်ပါဝင်သည်။ ယာကွန်ဥတွင် သွေးအတွင်းရှိ သကြားဓာတ်ကို ထိန်းညှိပေးသော ဟော်မုန်းတစ်မျိုးဖြစ်သည့် အင်ဆူလင်(Insulin) ပါဝင်မှုမြင့်မားသည်။ အင်ဆူလင်သည် ဖြည်းညင်းစွာပြိုကွဲပါက ဖရက်တို့စ်ဟု ခေါ်သော အချိုသတ္တိရှိ သကြားဓာတ်အမြောက်အမြားကို ထုတ်ပေးသည်။ ယာကွန်ဥတွင် သကြားဓာတ်အမြောက်အမြား ပေါင်းစည်းထားသော ဖရက်တိုအိုလီဂိုဆက်ခရင်းဓာတ်ပေါင်းနှင့် ရေတို့ အဓိကပါဝင်သည်။

### သကြားအစားထိုး အချို

ဖရက်တို့စ်ဆိုသည်မှာ အသီးအနှံတို့တွင် ပါဝင်သော အချိုဓာတ်ဖြစ်သည့် သဘာဝအားဖြင့် အသီး၊ ပျားရည်နှင့် အမြစ်တို့တွင် တွေ့နိုင်သည်။ ဖရက်တို့စ်သည် အချိုဆုံးဖြစ်သော်လည်း ကိုယ်ခန္ဓာအတွက် အချိုဓာတ်အနည်းဆုံးပေးသော အရာဖြစ်သည်။ ယင်းကို သကြားအစားထိုး အချိုအဖြစ် ဆီးချိုသွေးချိုသမားများတို့ အာဟာရဖြည့်စွက်စားသုံးနိုင်သော အရာတစ်ခုဖြစ်လာသည်။ ယာကွန်ဥသည် အမျိုးအစား (၂) ဆီးချိုရောဂါကဲ့သို့ အင်ဆူလင်အပေါ်မှာ မှီခိုနေသည့် ရောဂါများအတွက် သွေးတွင်းသကြားဓာတ်ထိန်းညှိရာတွင် အသုံးဝင်သည်ဟု သုတေသီအချို့က အခိုင်အမာ ဆိုထားပါသည်။

ယာကွန်ဥတွင် ကိုယ်အလေးချိန် ကျဆင်းစေနိုင်သည့် ပစ္စည်းများပါဝင်နေခြင်းကြောင့် "အဆီကျအာလူး"ဟုလည်း ခေါ်ဆိုကြပါသည်။ ယာကွန်ဥတွင် ကယ်လိုရီအနည်းငယ်သာပါဝင်ပြီး အချိန်အတော်ကြာဗိုက်ပြည့်နေသည်ဟု ခံစားရသော ဖရက်တိုအိုလီဂိုဆက်ခရိုက်ဓာတ်တစ်မျိုးလည်း ပါဝင်ပါသည်။ ထို့ပြင် ကိုယ်တွင်းရှိ အကျိုးပြုအရာများ ကြီးထွားသန်မာခြင်းကို အားပေးလှုံ့ဆော်သည့် အရာများပါရှိသည်။ ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်နှင့် သတ္တုဓာတ်များ ရယူမှုကိုလည်း ယာကွန်ဥက ကူညီသည်။

### ဗီတာမင်အုပ်စုများ ကြွယ်ဝစွာပါဝင်

ယာကွန်ဥတွင် ကယ်လိုရီပါဝင်မှုနည်းပြီး ပရိုတင်း၊ အမျှင်ဓာတ်အပြင် သက်စောင့်ဓာတ်များဖြစ်သော ဗီတာမင်အုပ်စုများဖြစ်သည့် Vitamin A၊ Vitamin B1၊ Vitamin B2 နှင့် Vitamin C တို့လည်း ကြွယ်ဝစွာ ပါဝင်ပါသည်။ ထို့အပြင် ရောဂါကာကွယ်စေတတ်သော ဓာတ်ပေါင်းများဖြစ်သည့် အယ်လကာရွိုက်၊ ဖေလဖိုနိုက်၊ ဂလိုင်ကိုဆိုဒ်၊ ပရိုတင်း၊ စပိုနင်းနှင့် သကြားဓာတ်တို့ ပါဝင်သည်။ ယာကွန်ဥတွင် ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်သော ပိုတက်စီယမ် (K)၊ ကယ်လစီယမ် (Ca)၊ မဂ္ဂနီဆီယမ် (Mg)၊ ဖော့စဖရပ်စ် (P)၊ သံဓာတ် (Fe)၊ ခရိုမီယမ် (Cr)နှင့် သွပ်ဓာတ်(Zn) အစရှိသည့် သတ္တုဓာတ်များ ကြွယ်ဝစွာပါဝင်သကဲ့သို့ ခန္ဓာကိုယ်အတွက် အရေးပါသည့် အမိုင်နိုအက်စစ် အမျိုး ၂၀ လည်း ပါဝင်သည်။

ယာကွန်ဥသည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်သကဲ့သို့ ကိုလက်စထရောပမာဏကို ထိန်းညှိပေးနိုင်သည့်အပြင် ကိုယ်ခံအားစနစ်ကို တိုးစေပြီး ကိုယ်အလေးချိန် ကျအောင်လည်း အထောက်အပံ့ပေးနိုင်ပါသည်။ ကော်ဖီနှင့် လက်ဖက်ရည်တို့တွင်လည်း ယာကွန်မှ ထုတ်သည့် သကြားမှုန့်ကို ထည့်သောက်နိုင်ပါသည်။ ယာကွန်က တန်ဖိုးကြီးသည့် တိုင်းရင်းဆေးတစ်မျိုးဖြစ်ပြီး အနာကိုလည်းကျက်စေနိုင်သည့် အစွမ်းသတ္တိလည်း ရှိပါသည်။ ဆေးဖက်ဝင် ယာကွန်ဥသည် ဆီးချိုရောဂါကို သက်သာစေခြင်း၊ ကျောက်ကပ်အတွင်း အကျိုးပြုဗက်တီးရီးယားတိုးပွားစေခြင်း၊ သွေးအတွင်း သကြားဓာတ်ထိန်းညှိပေးခြင်း၊ မကောင်းသော ကိုလက်စထရောကို နည်းပါးစေခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေခြင်း၊ အသည်းကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ပေးခြင်း၊ ဓာတ်တိုးမှုကို ဆန့်ကျင်ခြင်းတို့ကြောင့် လူသိများထင်ရှားလာသည်။ ယာကွန်ပင်သည် အရေပြားကင်ဆာ၊ အူမကြီးကင်ဆာနှင့် သွေးကင်ဆာရောဂါများကို တိုက်ဖျက်နိုင်သည့် အစွမ်းသတ္တိရှိပြီး ကင်ဆာဆဲလ်များကို တိုက်ဖျက်ခြင်းအားဖြင့် ဆဲလ်များ မျိုးဗီဇပြောင်းလဲမှုကို ဟန့်တားပေးနိုင်သည်။

### အကျိုးရှိစွာ အသုံးပြုနိုင်

ထို့အပြင် ကြွက်သားမျှင်များ သကြားဓာတ်စုပ်ယူခြင်း၊ ပန်ကရိယအင်ဆူလင်ထုတ်ပေးခြင်း၊ အဆီများညီမျှစေရန် ထိန်းပေးသော ဇီဝကမ္မလုပ်ငန်းနှင့် ဆက်နွှယ်သော ဆဲလ်လမ်းကြောင်းများ ထိန်းညှိပေးနိုင်စွမ်းတို့ကြောင့် ယာကွန်ဥကို နာတာရှည်ရောဂါကာကွယ်ရန်နှင့် ကင်ဆာကုသရန်တို့တွင် အကျိုးရှိစွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ယာကွန်သည် ခန္ဓာကိုယ်၏အဆီကို ထိန်းညှိပေးရာတွင် အရေးပါသကဲ့သို့ ကိုလက်စထရောစုပုံမှုများ မဖြစ်အောင်လည်း ကာကွယ်ပေးပါသည်။ ကိုလက်စထရောဇီဝဖြစ်စဉ်ကို ထောက်ပံ့ကူညီပေးခြင်းဖြင့် အသည်း၏ လုပ်ငန်းစဉ်များကို ကာကွယ်ပေးပါသည်။ ခန္ဓာကိုယ်၏ ဇီဝတွင်းဖြစ်ပျက်မှုလုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုပေးပါသည်။

ပိုတက်စီယမ်(K) ပါဝင်မှုများသောကြောင့် နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်စေသည်။ အောက်ဆီဂျင် ($O_2$) လိုအပ်သော ကိုယ်ခန္ဓာတွင်းနေရာများကို အလွယ်တကူ သွားနိုင်စေခြင်းဖြင့် သွေးပြန်ကြောနံရံများ ပုံမှန်လုပ်ဆောင်မှုတို့ ဖြစ်စေသည်။ ဦးနှောက်နှင့် အာရုံကြောများ ကျန်းမာရန်လည်း ကူညီသည်။ ကယ်လစီယမ်(Ca)ပါဝင်မှုကြောင့် အရိုးနှင့် သွားများကို သန်မာစေသည်။ မဂ္ဂနီဆီယမ်(Mg) ကြောင့် သွေးဖိအားကို ပိုမိုကောင်းမွန်စေသည်။ ဖော့စဖရပ်စ်(P) ပါဝင်မှုကြောင့် ကြွက်သားကျုံ့ခြင်း၊ ဆန့်ခြင်း၊ ကျောက်ကပ်ကို အလုပ်လုပ်စေခြင်းတို့ကို အထောက်အပံ့ဖြစ်စေသည်။ ကိုယ်ခန္ဓာအတွက် သွေးဆဲလ်များ တည်ဆောက်ပေးသော သံဓာတ် (Fe)ကို ယာကွန်ဥတွင်တွေ့နိုင်သည်။ သွေးဖိအားထိန်းချုပ်ပေးသော အင်ဆူလင်ထုတ်မှုတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီသော ခရိုမီယမ်ဓာတ် (Cr) ကိုလည်း တွေ့နိုင်သည်။ ယာကွန်ဥတွင် သတ္တုဓာတ်ပါဝင်မှု အနည်းအများမှာ ပိုတက်စီယမ်၊ ကယ်လစီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စဖရပ်စ်၊ သံဓာတ်၊ ခရိုမီယမ်နှင့် သွပ်ဓာတ်တို့ဖြစ်သည်။ သံဓာတ်ချို့တဲ့မှုမှာ သွေးအားနည်းရောဂါဖြစ်ရသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ သံဓာတ်က ခန္ဓာကိုယ်၏ အစိတ်အပိုင်းများဆီကို အောက်ဆီဂျင်သယ်ဆောင်ပေးရသည့် သွေးဖြူဥများ ထုတ်လုပ်ရန်အတွက် လိုအပ်သည့် သတ္တုဓာတ်တစ်မျိုးဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

**❍ ဆေးဖက်ဝင် ယာကွန်ဥသည် ဆီးချိုရောဂါကို သက်သာစေခြင်း၊ ကျောက်ကပ်အတွင်း အကျိုးပြုဗက်တီးရီးယားတိုးပွားစေခြင်း၊ သွေးအတွင်း သကြားဓာတ်ထိန်းညှိပေးခြင်း၊ မကောင်းသော ကိုလက်စထရောကို နည်းပါးစေခြင်း၊ ကိုယ်အလေးချိန်လျှော့ကျစေခြင်း၊ အသည်းကျန်းမာရေးကို ကောင်းမွန်စေခြင်း၊ ကင်ဆာရောဂါကို ကာကွယ်ပေးခြင်း၊ ဓာတ်တိုးမှုကို ဆန့်ကျင်ခြင်းတို့ကြောင့် လူသိများထင်ရှားလာသည်။ ယာကွန်ပင်သည် အရေပြားကင်ဆာ၊ အူမကြီးကင်ဆာနှင့် သွေးကင်ဆာရောဂါများကို တိုက်ဖျက်နိုင်သည့် အစွမ်းသတ္တိရှိပြီး ကင်ဆာဆဲလ်များကို တိုက်ဖျက်ခြင်းအားဖြင့် ဆဲလ်များ မျိုးဗီဇပြောင်းလဲမှုကို ဟန့်တားပေးနိုင်**

## ပခုက္ကူဈေးကွက်၌ ပဲယင်း(နီ)နှင့် ပဲယင်း(ဝါ) သီးနှံများ အရောင်းအဝယ်သွက်



မကွေးတိုင်းဒေသကြီး ပခုက္ကူ မြစ်ခြေ၊ ကမ္မ၊ ဆိပ်ဖြူ၊ မြိုင်၊ ပေါက်၊ ရေစကြိုမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ဂန့်ဂေါခရိုင်အတွင်းရှိ ကျေးရွာများ၌ ပဲယင်းသီးနှံကို ဆောင်းရာသီတွင် စိုက်ပျိုးကြကြောင်း၊ အောက်တိုဘာလကုန်နှင့် နိုဝင်ဘာလတွင် စတင်စိုက်ပျိုး၍ ဖေဖော်ဝါရီလတွင် သီးနှံရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ပဲယင်း(နီ)နှင့် ပဲယင်း (ဝါ) မျိုးများကို စိုက်ပျိုးကြပြီး ပဲယင်းသီးနှံမှာ စိုက်ပျိုးရလွယ်ကူ၍ အလုပ်သမား ကုန်ကျစရိတ်နည်းပါးခြင်းကြောင့် တစ်ဧကလျှင် ကုန်ကျစရိတ် ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ပဲယင်းသီးနှံ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၅ တင်းခန့် ထွက်ရှိပြီး သီးနှံပေါ်ချိန်ဈေးနှုန်းအနေဖြင့် ပဲယင်း(ဝါ) တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ – ၅၂၀၀၀၊ ပဲယင်း(နီ)တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ – ၆၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၈ သိန်းခွဲခန့် ရရှိသည်။

ပခုက္ကူဈေးကွက်၌ ပဲယင်းသီးနှံများ မတ်လမှ စတင်ပြီး အရောင်းအဝယ် ဖြစ်လျက်ရှိရာ ဩဂုတ်လ ဒုတိယပတ်တွင် ပဲယင်း(နီ) တစ်တင်းလျှင် ငွေကျပ် ၇၆၀၀၀၊ ပဲယင်း(ဝါ)တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ်ရေ ၁၀၀ မှ ၃၀၀ အထိ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲယင်းသီးနှံများကို ပြည်တွင်း တိရစ္ဆာန်အစာအဖြစ် မွေးမြူရေးလုပ်ငန်းရှင်များမှ ဝယ်ယူမှုအများအပြားရှိသည့်အပြင် မန္တလေးမြို့သို့လည်း တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ယခင်ကတိရစ္ဆာန်အစာအစာအဖြစ် မြေပဲဖတ်ကို သုံးစွဲခဲ့ပြီး မြေပဲဖတ်ဈေးနှုန်းမြင့်တက်လာခြင်းကြောင့် မြေပဲဖတ်အစားထိုး ပဲယင်းသီးနှံများ ဝယ်ယူသုံးစွဲမှု များပြားကာ ဈေးကွက်တွင် အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

## မကွေးမြို့နယ်အတွင်း မိုးနှမ်းသီးနှံများ လှိုင်လှိုင်ထွက်ပေါ်၍ အရောင်းအဝယ်ဖြစ်

